
ထာဝရဘုရား၏
ဉာဏ်တော်အနန္တ
Adrian Ebens

**Australia**

**Maranatha Media**

**maranathamedia.com**

မှ ပုံနှိပ်သည်

www.Maranathamedia-Myanmar.com

ဆောင်းပါး အသွင်ဖြင့် မတ်လ၊ ၂၀၁၀

ပုံနှိပ် ဖေဖော်ဝါရီ၊ ၂၀၁၆

စာတည်းပြင်ဆင် မေ၊ ၂၀၁၈

# မာတိကာ

၁။ ငါတို့၏ အဘ

၂။ စကြဝဠာ အရှင်သခင်

၃။ ဘုရားသခင်၏ ဉာဏ်တော်အနန္တ

၄။ တန်းတူညီခြင်း

၅။ အကြံတော်

၆။ ပဋိပက္ခကြီးထွားလာခြင်း

၇။ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း

၈။ မုသားအပေါင်း၏ ဖခင်

၉။ အညှိုခံလူသား

၁၀။ အကျဉ်းချုပ်ခြင်း

၁၁။ လမ်းစဉ်နှစ်ရပ်

၁၂။ ဗာဗုလုန်၏ အခြေခံအုတ်မြစ်များ

၁၃။ ဗာဗုလုန်နိုင်ငံ၏အနှစ်

၁၄။  အဆင့်နိမ့်ပါးလာခြင်း

၁၅။ ဗာဗုလုန်မှ ခေါ်ထုတ်ခြင်း

## ၁။ ငါတို့၏ အဘ

အခါတစ်ပါး၌ သခင်ယေရှုဘုရား၏ နောက်လိုက်များတို့သည် ၎င်းထံ အလွန်အရေးပါသည့် အဆိုတစ်ခု လျှောက်ကြ၏။ ။

> **ရှင်လုကာခရစ်ဝင် ၁၁း၁** - တစ်ရံရောအခါ ကိုယ်တော်သည် တစ်စုံတစ်ခုသောအရပ်တွင် ဆုတောင်းတော်မူ၍ ပြီးလျှင်၊ တပည့်တော်တစ်ယောက်က၊ သခင်၊ ဆုတောင်းစေခြင်းငှာ ယောဟန်သည် မိမိတပည့်တို့အား နည်းပေးသကဲ့သို့ အကျွန်ုပ်တို့အား နည်းပေးတော်မူပါဟု လျှောက်ကြ၏။

ဘုရားသခင်သည် မည်သို့သောဘုရားဖြစ်ကြောင်း ငါတို့အား သခင်ယေရှုပြောပြ၏။ ဆုတောင်းခြင်းသည်ကား ဘုရားသခင်နှင့် ဆက်သွယ်စကားပြောပင်ဖြစ်၏။ သခင်ယေရှုအသုံးပြုသည့် အမည်နာမကား ဘုရားသခင်သည် မည်သို့သော ဘုရားဖြစ်ကြောင်းကိုဖွင့်ပြ၏။ ဘုရားသခင်ထံဆုတောင်းရာတွင် သူ့အားအောက်ပါအတိုင်း ခေါ်ဆိုကြဖို့ ကျွန်ုပ်တို့အား ယေရှုမိန့်တော်မူခဲ့၏။

> **ရှင်လုကာခရစ်ဝင် ၁၁း၂** - ကိုယ်တော်က၊ သင်တို့သည် ဆုတောင်းလျှင်မြွက်ဆိုရမည်မှာ၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ ...

ငါတို့သည် ဘုရားသခင်အား ရှေးဦးစွာ ငါတို့၏အဘဟူ၍ ဦးထိပ်ထားရန်မှတစ်ပါး အခြားမရှိ။ ဤရိုးရှင်းသည့် ဖေါ်ပြချက်က ဘုရားသခင်အကြောင်းကို ကျွန်ုပ်တို့အား များစွာပြောပြပေး၏။ ဘုရားသခင်သည် သဟာယပြုနိုင်သည့် ဘုရားဖြစ်ကြောင်းကို ပြ၏။ ငါတို့အား ရင်းရင်းနှီးနှီး ဆက်ဆံစေလို၏။ အဘဆိုသည့် ဝေါဟာရသည် ဂုဏ်တော်၊ တန်ခိုးတော်များကို ဖော်ညွှန်း ရုံသာ မဟုတ်ဘဲ စကြဝဠာတစ်ခုလုံးနှင့် အဆက်အဆံရှိကြောင်းကိုလည်း ဖော်ညွှန်း၏။ ဘုရားသခင်သည် အရာခပ်သိမ်းတို့၏

အဘ (သို့) အချုပ်အခြာ ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်သည် မည်သို့သောအဘ ဖြစ်အံ့နည်း။

ရံတစ်ခါတွင် မောရှေသည် ထာဝရဘုရားသခင်အား ၄င်း၏ ဘုန်းတော်ကို ပြရန် လျှောက်၏။ ဘုရားသခင်က အောက်ပါအတိုင်း တုန့်ပြန်၏။ ။

> **ထွက်မြောက်ရာကျမ်း ၃၄း၅၊ ၆** - ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့် ဆင်းသက်၍၊ ထိုအရပ်၌ မောရှေအနားမှာ ရပ်လျက်၊ ထာဝရဘုရား၏ နာမတော်ကို ကြွေးကြော်တော်မူ၏။ ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနား ခြင်း မေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာ စောင့်ခြင်းနှင့် ကြွယ်ဝတော်မူ၏။

ဘုရားသခင်သည် မောရှေထံ မည်သို့ထင်ပြခဲ့သည်ကို မှတ်ပါလေ။ ဘုရားသခင်သည် မိမိ၏စာရိတ္တတော်ကို ပြပေးတော်မူ၏။ ဤစာရိတ္တသည်ကား ဘုရားသခင်၏ ဘုန်း တော်ပင်ဖြစ်၏။ ဘုရားသခင်သည် ကရုဏာ၊ သိမ်မွေ့ခြင်း၊ ခန္တီ၊ ကောင်းမြတ်ခြင်း၊ သမ္မာတရားများနှင့်ပြီးပြည့်စုံသည့် ဘုရားဖြစ်၏။ ထိုထိုသော ဂုဏ်များသည် ဤသတ္တ ကမ္ဘာတွင် အလွန်ရှားပြီး ထိုအခြင်းအရာများ သူတစ်ပါးထံမှ ခံစားရသည့်အခါ အလွန်နှစ်ခြိုက်ရပါ၏။ ရှင်ယောဟန်လည်း ဘုရားသခင်၏ ဂုဏ်တော်ကို ဤသို့ အနှစ်ချုပ်ခဲ့၏။ ။

> **ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄း၈** - ချစ်ခြင်း မရှိသောသူသည် ဘုရားသခင်ကို မသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်း မေတ္တာ ဖြစ်တော်မူ၏။

ဘုရားသခင်သည် ၄င်းဖန်ဆင်းထားတော်မူသော လက်ရာတော်များကို အထူး ဂရုစိုက်သည့် အနန္တမေတ္တာရှင်အဘဖြစ်၏။ ၄င်းဖန်ဆင်းထားသည့် စကြဝဠာသည်

မည်မျှကျယ်ဝန်းသနည်း။ သမ္မာကျမ်းစာတော်မြတ်၌ ဘုရားသခင်သည် ကောင်းကင်မြေကြီးခပ်သိမ်းတို့၏ အဘ ဖြစ်၏ဟု ပြဆိုထား၏။

> **ဖေက်သြဝါဒစာ ၃း၁၄၊ ၁၅** - အထက်ဆိုခဲ့ပြီးသော အကြောင်းကြောင့်၊ ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏ အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ ငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။

စကြဝဠာတစ်ခုလုံးသည် ကောင်းကင်ဗိုလ်ခြေအရှင် ငါတို့အဘ၏အပိုင်ဖြစ်ပြီး ငါတို့အယောက်တိုင်းသည် ဤစကြဝဠာ၏ မိသားစုဝင်များ ဖြစ်ကြ၏။ ငါတို့သည် များပြားလွန်းသောကြောင့် ဘုရားသခင်သည် ငါတို့အယောက်တိုင်းကို အမှတ်သညာပြုနိုင်မည်မဟုတ်၊ မေ့နိုင်မည်ဟုပင် ထင်ကြပေမည်။ သို့ရာတွင် ဤအချက်နှင့်ပတ်သက်ပြီး ယေရှုအဘယ်သို့ မိန့်ခဲ့သည်ကို သေချာစွာ နားထောင်ကြည့်ပါလေ။

> **ရှင်လုကာခရစ်ဝင် ၁၂း၆၊ ၇** - စာငှက်ငါးကောင်ကို အသပြာ နှစ်ပြားအဖိုးနှင့် ဝယ်ရသည်မဟုတ်လော။ ထိုစာငှက် တစ်ကောင်ကိုမျှ ဘုရားသခင် မေ့လျော့တော်မမူ။ သင်တို့ ဆံပင်သည်လည်း အကုန်အစင်ရေတွက်လျက်ရှိ၏။ ထိုကြောင့် မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက် သာ၍မြတ်ကြ၏။

ဘုရားသခင်သည် မည်သူ့ကိုမျှ မမေ့လျော့ပါ။ ဘုရားသခင်သည် ငါတို့၏ပကတိအခြေအနေကို သိတော်မူ၏။ ငါတို့၏ နိစ္စဓူဝ ရှင်သန်မှု၊ ငါတို့ ဘာလုပ်၊ ဘာကြံသည်များကို ဂရုပြုလှ၏။ အမှန်ဆိုရလျှင် ငါတို့အကြောင်းကို အမြဲတမ်း သူဆင်ခြင်၏။

> **ဆာလံကျမ်း ၄၀း၅** - အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်တို့အဖို့ ပြုတော်မူသော အံ့သြဘွယ် အမှုတို့နှင့် ကြံစည်တော်မူ

သော အကြံအစည်တို့သည် များလှပါ၏။ ရှေ့တော်၌ အစဉ်အတိုင်း လျှောက်၍ မကုန်နိုင်ပါ။ အကျွန်ုပ် ထုတ်ဖော်ကြားပြော မည်ဟုဆိုသော်၊ ရေတွက်၍ မကုန်နိုင်အောင် များလှပါ၏။

ဘုရားသခင်သည် ငါတို့အား မည်သည့်အဆင့်သို့ ရောက်နိုင်မည်ကို စီမံကိန်းချပြီး ဖြစ်၏။

**ယေရမိအနာဂတ္တိကျမ်း ၂၉း၁၁** - ငါသည်သင်တို့ကို အကျိုးနည်း စေခြင်းငှာ ကြံစည်သောအကြံ မဟုတ်ဘဲ၊ သင်တို့သည် မျှော်လင့်သော အကျိုးကို ရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဖို့ ကြံစည်သော အကြံတို့ကို ငါသိ၏။ (NIV)

ငါတို့ခံစားရသော ကောင်းချီးခပ်သိမ်းတို့သည် ဘုရားသခင်ထံမှ မြစ်ဖျားခံ၏။

**ရှင်ယာကုပ်ဩဝါဒစာ ၁း၁၇** - ကောင်းမြတ်စုံလင်သော ဆုကျေးဇူး ရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည် ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်း ယိမ်းခြင်း မရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏။

ငါတို့အပေါ် ဘုရားသခင်မည်သို့စိတ်ထားရှိကြောင်းကို ယေရှုရေနှစ်ခြင်းမင်္ဂလာ ခံယူသည့်အချိန်တွင် အံ့ဖွယ်ရာအကောင်းဆုံးအနေဖြင့် ကျွန်ုပ်တို့တွေ့ မြင်ရ၏။ ဘုရား သခင်သည် ဤသို့မိန့်ခဲ့၏။ ။

**ရှင်မဿဲခရစ်ဝင် ၃း၁၇** - ဤသူကား ငါနှစ်သက် မြတ်နိုးရာ၊ ငါ၏ ချစ်သားပေတည်းဟု ကောင်းကင်က အသံတော် ဖြစ်လေ၏။

ဘုရားသခင်သည် သားတော်ကို လူစစ်စစ်အဖြစ်ဖြင့် ချစ်တော်မူ၏။ သားတော်ကို အလွန်နှစ်သက်ခြင်းရှိ၏။ ဤသည်မှာ သခင်ယေရှုအား ဘုရား၏သားတော်ဟု မှတ်ယူခြင်းသည် အခရာဖြစ်၏။ ငါတို့သည် ထိုသို့ဖြစ်ခွင့်ရှိ၏။

> **ဧဖက်သြဝါဒစာ ၁း၆** - ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှာ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကိုရမည်။

သခင်ယေရှု၏ အခန်းကဏ္ဍ၊ ဘာ့ကြောင့်ဤလောကသို့ ကြွခဲ့ရကြောင်း၊ ငါတို့သည် သခင်ယေရှုဘုရားအားဖြင့် လူရာဝင်နိုင်ရန်၊ ဝင်ရန်လည်း လိုအပ်ကြောင်းများကို ဆက်လက် စူးစမ်းကြပါအံ့။ ဤ၌ ဘုရားသခင်သည် မေတ္တာရှိသော၊ သိမ်မွေ့သော အဘ ဖြစ်ကြောင်းနှင့် ငါတို့၏ နိစ္စဓူဝရင်သန်မှုတို့ကို လေးလေးနက်နက် ဂရုစိုက်သော ဘုရား ဖြစ်ကြောင်းတို့ကို အလေးထား လေ့လာရန်လို၏။

## ၂။ စကြဝဠာ အရှင်သခင်

ပြီးခဲ့သောအခန်း၌ ငါတို့အကျိုးကိုအစဉ်လိုလား၊ စီမံပေးသော မေတ္တာတော်ရှင် ခမည်းတော်ဘုရားသခင်အကြောင်း သိမြင်ခဲ့ပြီး ဖြစ်၏။ စကြဝဠာတစ်ခုလုံး၏ အဘ ဖြစ်တော်မူကြောင်းကိုလည်း တွေ့ခဲ့ပြီးဖြစ်၏။ ယခုအခန်းတွင် ဘုရားသခင်သည် မည်သည်ကြောင့် ဤသို့ အုပ်စိုးချယ်လှယ်ရသနည်းဆိုသည်နှင့် ဆက်နွှယ်နေသည့် အချက်များကို ရှုမှတ်ကြကုန်အံ့။

ကနဦးအနေဖြင့် သမ္မာကျမ်းစာမှ ဘုရားသခင်သည် အရာခပ်သိမ်းတို့၏ အရှင်သခင် နှင့် အချုပ်အချာဖြစ်၏ဟု ကျမ်းစာသက်သေရှိ၏။

> **ကောရိန်သုဩဝါဒစာပထမစောင် ၈း၆** - ထိုခမည်းတော် ဘုရားသခင် တစ်ပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသော အရာဖြစ်ကြ၏၊
>
> **တိမောသေဩဝါဒစာပထမစောင် ၁း၇** - လောကဓာတ်တို့၏ ဘုရင် တည်းဟူသော၊ ဖောက်ပြန်ပျက်စီးခြင်းနှင့် ကင်းလွတ်တော်မူထသော၊ မျက်မြင်မရ၊ အရူပ ဖြစ်တော်မူထသော၊ တစ်ဆူတည်းသော ဘုရား သခင်သည် ကမ္ဘာအဆက်ဆက် ဂုဏ်အသရေ၊ ဘုန်းအာနုဘော် ရှိတော် မူစေသတည်း။ အာမင်။
>
> **တရားဟောရာကျမ်း ၆း၄** - အိုဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရ ဘုရား ဖြစ်တော်မူ၏။

ခမည်းတော်ဘုရားသည် ဖြစ်တည်လာကြသည့်အရာခပ်သိမ်းတို့၏ ရင်းမြစ်ဖြစ်၏။ ဘုရားသခင်သည် မိမိ၏တန်ခိုးတော်၊ ဉာဏ်တော်များကို မည်သူ့ထံမှ ရခဲ့ခြင်း မရှိပါ။ ငါတို့မြင်တွေ့ရသည့် အလုံးစုံတို့သည် ဘုရားသခင့်ထံမှ မြစ်ဖျားခံ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၄၀း၁၀-၁၅** - ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည်၊ ကြီးသောတန်ခိုးနှင့် ကြွလာ၍၊ လက်ရုံးတော်အားဖြင့် အစိုးရတော်မူလိမ့်မည်။ မိမိခံတော်မူထိုက်သောအခ မိမိ၌ပါလျက်၊ ဆုလာဘ်တော်သည် ရှေ့တော်၌ရှိ၏။ မိမိသိုးစုကို သိုးထိန်းကဲ့သို့ ကျွေးမွေးတော်မူမည်။ သိုးသငယ်တို့ကို ချီ၍ပိုက်ပွေ့တော်မူမည်။ သားငယ်ရှိသော သိုးမ တို့ကိုလည်း ဖြည်းညှင်းစွာပို့ဆောင်တော်မူမည်။ ရေများကို လက်ဆွန်းဖြင့် ခြင်သောသူ၊ မိုဃ်းကောင်းကင်ကို မိမိ လက်ဖြင့်ထွာသောသူ၊ မြေမှုန့်ကို တင်းတောင်းဖြင့် ချင့်တွက်သောသူ၊ တောင်ကြီးကို ချိန်ခွင်ဖြင့် လည်းကောင်း၊ တောင်ငယ်ကို ကပ်ပယ်ဖြင့် လည်းကောင်း ချိန်သောသူကား အဘယ်သူနည်း။ ထာဝရဘုရား၏ ဝိညာဉ်ကို အဘယ်သူ စစ်ကြောသနည်း။ ထိုအရာနှင့် တိုင်ပင်၍၊ အဘယ် သူသည် အကြံပေးသနည်း။ အဘယ်သူနှင့် တိုင်ပင်တော်မူသနည်း။ ထိုဘုရားကို အဘယ်သူ သွန်သင်သနည်း။ ထိုဘုရားအား တရားလမ်း ကို ပြသောသူ၊ ပညာနည်းကို ပေးသောသူ၊ ဉာဏ်လမ်းကို ညွှန်သော သူကား အဘယ်သူနည်း။ လူအမျိုးမျိုးတို့သည် ရေပုံးမှကျသော ရေစက် ကဲ့သို့ဖြစ်၍၊ ချိန်ခွင်၌ မြူမှုန်ကဲ့သို့ ထင်မှတ်စရာရှိ၏။ ကျွန်းတို့သည် လည်း၊ လွင့်တတ်သော အကာုမြူကဲ့သို့ ဖြစ်ကြ၏။

**ဆာလံကျမ်း ၃၆း၇-၉** - ကရုဏာတော်သည် အလွန်မြတ်နိုးဖွယ် ဖြစ်ပါ၏။ ထိုကြောင့် လူသားတို့သည် အတောင်တော် အရိပ်ကို ခိုလှုံလျက် နေရကြပါ၏။ အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက်နေ၍၊

ကိုယ်တော်၏ ချမ်းသာမြစ်ရေကို သောက်စေခြင်းငှာ အခွင့်ပေးတော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်ထံမှာ အသက်စမ်းရေတွင်း ရှိပါ၏။ အလင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကို ရကြပါ၏။

ဘုရားသခင်သည် အနန္တတန်ခိုးတော်ရှင်ဖြစ်၏။ သူ၏တန်ခိုးတော်သည် အကန့်အသတ် မရှိဟုဆိုလို၏။ သန်းပေါင်း သန်းချီသည့် အက်တမ်မှုန်များ၌ ပါရှိနေသည့်စွမ်းအင်တန်ခိုးတို့သည် ဘုရားသခင်ထံမှလာ၏။ ထိုအကြောင်းကို ငါတို့ ဉာဏ်မမီနိုင်။ ဘုရားသခင်၏ ဉာဏ်တော်သည် အကန့်အသတ်မဲ့ဖြစ်တော်မူသည်ဖြစ်ရာ ဘုရားသခင်အား ဆရာလုပ်ရန်မှာ မဖြစ်နိုင်ပါ။ ထိုဘုရားကို အနန္တဉာဏ်တော်ရှင် ဟု ငါတို့ခေါ်ဆို၏။ ပညာဉာဏ် ခပ်သိမ်းတို့သည် ဘုရားသခင့်ထံမှ မြစ်ဖျားခံ၏။

ဤတန်ခိုးတော်နှင့် ပညာဉာဏ်တို့သည် မြစ်တစ်စင်းသဖွယ် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ငါတို့ထံသို့ စီးဆင်း၏။

**ဗျာဒိတ်အနာဂတ္တိကျမ်း ၂၂း၁** - တစ်ဖန်၊ ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်ထဲကထွက်သော၊ အသက်ရေစီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အားပြလေ၏။

**ဆာလံကျမ်း ၄၆း၄၊ ၅** - မြစ်တစ်မြစ်ရှိသေး၏။ ထိုမြစ်ရေသည်စီး၍ ဘုရားသခင်၏မြို့တည်းဟူသော အမြင့်ဆုံးသောဘုရား ကျိန်းဝပ်တော်မူရာ သန့်ရှင်းသောမြို့တော်ကို ရွှင်လန်းစေတတ်၏။ ထိုမြို့သည် ဘုရားသခင် ကျိန်းဝပ်တော်မူရာဖြစ်၍ တုန်လှုပ်ခြင်း မရှိရာ။ မိုဃ်းသောက်လင်းစ၌ ဘုရားသခင်ကူမ,တော်မူလိမ့်မည်။

ဘုရားသခင်သည် ခပ်သိမ်းသောအရပ်တို့၌ တစ်ပြိုင်တည်းရှိနိုင်၏။ ဤစွမ်းရည်ကို အရပ်ရပ်တို့၌တည်ရှိနိုင်ခြင်း ဟုခေါ်ဆို၏။ ဤအချက်သည် နားလည်ရ အလွန်ခက်သောအချက်တစ်ချက်ဖြစ်သည်။ သို့သော် ကျမ်းသက်သေကို ရှုမြင်ကြည့်ပါလေ။ ။

**ဆာလံကျမ်း ၁၃၉း၇-၁၀** - ဝိညာဉ်တော်နှင့် လွတ်ခြင်းအလိုငှာ အဘယ် အရပ်သို့ သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်းအလိုငှာ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။ ကောင်းကင်သို့တက်လျှင် ကိုယ်တော်ရှိတော်မူ၏။ မရဏာနိုင်ငံ၌ အိပ်ရာကိုခင်းလျှင် ကိုယ်တော် ရှိတော်မူ၏။ နံနက်အတောင်တို့ကိုယူ၍ သမုဒ္ဒရာစွန်း၌ နေလျှင်၊ ထို အရပ်၌ပင် ကိုယ်တော့်လက်သည် အကျွန်ုပ်ကို ပို့ဆောင်လျက်၊ လက်ျာ လက်တော်သည် ကိုင်လျက် ရှိပါလိမ့်မည်။

ဤမြစ်သည်ကား အသက်မြစ်ဖြစ်၏။ ငါတို့ ဤသို့ရှင်သန်နိုင်ခြင်းသည်ကား ဘုရားသခင်မှ အသက် ထောက်ပေးနေခြင်းကြောင့်ဖြစ်၏။

**တမန်တော်ဝတ္ထု ၁၇း၂၄-၂၈** - လောကဓာတ်မှစ၍လောကဓာတ်၌ ရှိလေသမျှသောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည်၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသောအရှင်ဖြစ်၍၊ လူတို့ လက်ဖြင့် လုပ်သော ဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်။ ဘုရား သခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက် ဝင်သက်မှ စ၍ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသောအရှင် ဖြစ်၍၊ တစ်စုံတစ်ခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေး မွေးခြင်းကို ခံတော်မူသည်မဟုတ်။ ဘုရားသခင်သည် မြေတစ်ပြင်လုံး ၌နေရသော လူအမျိုးမျိုးတို့ကို တစ်သွေးတည်းနှင့် ဖန်ဆင်းတော်မူ၍၊ သူတို့အား ခွဲဝေစီမံသော အချိန်ကာလကိုလည်းကောင်း၊ သူတို့၏ နေရာအပိုင်း အခြားကိုလည်းကောင်း မှတ်သားတော်မူ၏။ အကြောင်း မူကား၊ လူတို့သည် ဘုရားသခင်ကိုရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြ လိမ့်မည် အကြောင်းတည်း။ သို့ဆိုသော်လည်း၊ ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှ ဝေးတော်မူသည်မဟုတ်။ ငါတို့သည် ဘုရားသခင် အားဖြင့်အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိ

ကြ၏။ ထိုသို့နှင့် အညီ၊ သင်တို့တွင် လက်ာဆရာ အချို့တို့က၊ ငါတို့ သည်ကား၊ နွယ်တော်သားပင်၊ ဘုရားမျိုးပေ၊ ဖြစ်ကြလေဟု စပ်ဆို သတည်း။

ထို့ကြောင့် အချုပ်ဆိုရလျှင် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် နေရာ ခပ်သိမ်းတို့၌ တည်ရှိနေနိုင်သည့် ဘုရားတစ်ဆူရှိ၏။ ခပ်သိမ်းသော တန်ခိုးအာ ဏာတို့ကိုသော်၎င်း ထိုတန်ခိုးအာဏာတို့ကို ခံရသောသူ ခပ်သိမ်း တို့ကိုသော်၎င်း ဘုရားသခင် ပိုင်တော်မူ၏။

## ၃။ ဘုရားသခင်၏ ဉာဏ်တော်အနန္တ

အကုန်စွမ်း၊ အကုန်သိသည့် ဘုရားသခင်၌လည်း မတတ်နိုင်သောအရာရှိ၏ဆိုလျှင် ငါတို့သည် အံ့ဩကြမည်ပင်။ ခမည်းတော်ဘုရားသခင်သည် ထိုအကြောင်းတရား မရှိလျှင် နိုင်ငံတော်ကို ထူထောင်နိုင်မည်မဟုတ်။

အသက်၊ အစွမ်း၊ ဉာဏ်ပညာခမ်းသိမ်း ဘုရားသခင်ထံမှလာသည်ဆိုသည့်အချက်ကို ပိုမိုလေးနက်စွာ ကျွန်ုပ်တို့ကြည့်သောအခါ၊ ဘုရားသခင်သည် မိမိ၏အလိုကို တသွေမတိမ်းလိုက်ရှောက်မည့် နဖားကြိုးတပ်လူသန်းပေါင်းများစွာကို ဖန်ဆင်းဖြစ် မည်မဟုတ်ကြောင်း ငါတို့ နားလည်နိုင်၏။ ဘုရားသခင်ထံ ကိုယ်ကိုအပ်နှံခြင်း၊ သူ့အား ကိုးစားခြင်း၊ သူ့အလိုတော်အတိုင်း လိုက်ရှောက်ခြင်း စသည့်စွမ်းရည်များတို့သည် ဘုရား၏ ရာဇပလ္လင်မှမြစ်ဖျားခံရန်လို၏။

ဘုရားသခင် မတတ်နိုင်သည့်အမှုကား မည်သူ့ထံ၌မျှ သစ္စာမခံနိုင်ခြင်းဖြစ်၏။ လိုလည်းမလိုအပ်ပေ။ ၎င်း၏မဟာဉာဏ်တော်ဖြင့် အရာခပ်သိမ်းကို သားတော်အား လက်လွှဲကာ အရာခပ်သိမ်းကို သားတော်အားဖြင့် ဖန်ဆင်းတော်မူ၏။ အောက်ပါ ကျမ်းသက်သေများကို သတိချပ်လော့။ ။

> **ဟေဗြဲသြဝါဒစာ ၁း၁-၅** - ရှေးလွန်လေပြီးသောအခါ ပရောဖက်များ အားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော် မူသော ဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အားဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကိုအလုံးစုံတို့၏ အမွေခံ သခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောက ဓာတ်တို့ကို တည်တော်မူ၏။ ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်၍၊ တန်ခိုးနှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသော သူဖြစ်လျက်၊ ငါတို့အပြစ်များကို ကိုယ်တိုင်အားဖြင့်

သုတ်သင်ပယ်ရှင်း ပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ျာဘက်၌ ထိုင်တော်မူ၏။ ကောင်းကင်တမန်တို့ရသော ဘွဲ့နာမထက် ထူးမြတ်သော ဘွဲ့နာမတော်ကို ခံရသည်နှင့်အညီ၊ ကောင်းကင်တမန်တို့ထက် ကြီးမြတ်သောသူ ဖြစ်တော်မူ၏။ အကြောင်းမူကား၊ သင်သည် ငါ့သားဖြစ်၏ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီဟူ၍လည်းကောင်း၊ ငါသည်သူ၏ အဘဖြစ်မည်၊ သူသည်လည်း ငါ၏သား ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း၊ အဘယ်မည်သောကောင်းကင်တမန်ကို တစ်ခါမျှ မိန့်တော်မူသနည်း။

**ရှင်ယောဟန်ခရစ်ဝင် ၅း၂၆** - အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်၌ အသက်ရှိတော်မူသည်နည်းတူ၊ သားတော်သည် မိမိ၌အသက်ရှိသောအခွင့်ကို ပေးတော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၅း၁၉** - ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော် ပြုတော်မူသောအမှုကို သားတော်သည် မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊ ခမည်းတော် ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။

**ရှင်ယောဟန်ခရစ်ဝင် ၈း၂၉** - ငါ့ကိုစေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကိုတစ်ကိုယ်တည်း နေစေခြင်းငှာ ခမည်းတော်သည် စွန့်ပစ်တော်မမူ။ အကြောင်းမူကား နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ် ငါပြုသည်ဟု မိန့်တော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၈း၄၂** - ဘုရားသခင်သည် သင်တို့အဘမှန်လျှင်၊ သင်တို့သည် ငါ့ကို ချစ်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ဘုရားသခင့် အထံတော်မှ ထွက်ကြွရောက်လာ၏။ ကိုယ်အလို

အလျောက်လာသည် မဟုတ်။ ဘုရားသခင်သည် ငါ့ကိုစေလွှတ်တော်မူ၏။

**ကောလောသဲဩဝါဒစာ ၂း၈-၁၀** - ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနကိုလိုက်၍၊ လောကီပညာနှင့် အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူ မဖျက်ဆီးစေခြင်းငှာ သတိပြုကြလော့။ အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ အထွဋ်အမြတ်အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်း ရှိကြ၏။

ဘုရားဖန်ဆင်းထားသော စကြဝဠာတစ်ခုလုံးအဖို့ လိုအပ်သမျှသောအရာတို့သည် သားတော် ဘုရား၌တည်၏—ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ရှိသမျှဖြင့် လိုက်နာအားကိုးခြင်း၊ ခမည်းတော်ဘုရား၏ အာဏာတော်ကို အသိအမှတ်ပြုခြင်း၊ ခမည်းတော်၏ မေတ္တာတော်ကို လက်ခံကြည်ညိုခြင်းများဖြစ်၏။ သားတော်သည် ခမည်းတော်၏ ပြည့်စုံကုံလုံခြင်း ဖြစ်၏။ ဘုရားသခင့်နိုင်ငံတော်၏ မဏ္ဍိုင်လည်းဖြစ်၏။

**ဖိလိပ္ပိဩဝါဒစာ ၂း၉-၁၁** - ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်း အသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။

ထိုကြောင့် ခမည်းတော်သည် သားတော်ကို ချီးမြှောက်စံပြုတော်မူ၏။ ခမည်းတော် သည် သားတော်၏ နာခံတတ်သောသဘောမျိုးကို လူသားတို့၌ ထပ်ဆင့်မျှဝေပေး လို၏။ သခင်ခရစ်တော်၏ စိတ်သဘောမျိုးမပါမရှိလျှင် ဘုရားသခင်ထံ မည်သို့ အပ်နှံ၊ ကိုယ်စား၊ လိုက်နာရမည်ကို သိနိုင်မည်မဟုတ်။ သမ္မာကျမ်းစာတော်မြတ်က မည်သို့ဆိုသည်ကို သတိချပ်ပါလော့။ ။

**ဗျာဒိတ်အနာဂတ္တိကျမ်း ၂၂း၁** - တစ်ဖန်၊ ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်ထဲက ထွက်သော၊ အသက်ရေစီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အားပြလေ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁၅း၂၆** - ခမည်းတော်ထံမှ ထွက်လာ၍ သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သော ဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ၊ ငါ၏အကြောင်းကို သက်သေခံလိမ့်မည်။

**ရောမဩဝါဒစာ ၈း၉၊ ၁၀** - သို့သော်လည်း ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြမည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ ရှိကြ၏။ ခရစ်တော်၏ ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့် မဆိုင်။ ခရစ်တော်သည် သင်တို့အထဲ၌ရှိတော်မူလျှင်၊ ကိုယ်ကာယသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ၏။

ထို့ကြောင့် သခင်ယေရှုသည် ဘုရားသခင်၏ ဉာဏ်တော်၊ လက်ရုံးတော်ဟူ၍ တွင်၏။ သခင်ခရစ်တော်၏ ပင်ကိုယ်စရိုက်သည် လူသားအပေါင်းတို့ထံသို့ ဘုရားသခင်၏ သန့်ရှင်းတော်ဝိညာဉ်တော်မှတဆင့် ရောက်ရှိလာ၏။ ခမည်းတော်အား ငါတို့ မည်သို့ချစ်ရမည်၊ မည်သို့လမ်းလိုက်ရမည်ကို ငါတို့အား အလင်းပြသွန်သင်ပေး

သည့်အရာမှာ သခင်ခရစ်တော်၏ ဉာဏ်တော်ကြောင့်ဖြစ်၏။ ခရစ်တော်၏ အသက်သည် ငါတို့ အာရုံကြောများ၊ အသားမျှင်များကို အသက်ဝင်စေကာ ငါတို့ကို အသက်ရှင်စေ၏။

> **ကောရိန်သုဩဝါဒစာပထမစောင် ၁း၂၄** - သို့သော်လည်း၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ခေါ်တော်မူသော သူတို့၌ ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော်တည်းဟူသော ခရစ်တော်၏ တရားဖြစ်၏။

> **ကောရိန်သုဩဝါဒစာပထမစောင် ၁း၃၀** - ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင် စီရင်တော်မူသည်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်း ဖြစ်တော်မူ၏။

ထို့ကြောင့် လူသားများအား ကုသိုလ်ပြုစေသည့် ပညာဉာဏ်ကိုကမ်းသည့် ပုဂ္ဂိုလ်ကား သခင်ခရစ်တော်ဖြစ်၏။ ထိုအကြောင်းကို ရှောလမုန်မင်းက ဤသို့ဆိုထား၏။

> **သုတ္တံကျမ်း ၈း၁၂-၂၁** - ငါ့ဉာဏ်ပညာသည် သမ္မာသတိနှင့်ပေါင်း၍၊ လိမ္မာသောသိပ္ပံအတတ်များကို ဖော်တတ်၏။ **ထာဝရဘုရားကို** ကြောက်ရွံ့သောသဘောကား၊ ဒုစရိုက်ကိုမုန်းသောသဘောတည်း။ မာန ထောင်လွှားခြင်း၊ စော်ကားခြင်း၊ မကောင်းသောလမ်းသို့လိုက်ခြင်း၊ ကောက်သော စကားဖြင့် ပြောဆိုခြင်းတို့ကို ငါမုန်း၏။ အကြံပေး နိုင်သောအခွင့်နှင့် ပညာရတနာသည် ငါ၌ရှိ၏။ ငါသည် ဉာဏ်ဖြစ်၍ အစွမ်းသတ္တိနှင့်ပြည့်စုံ၏။ ငါ့အားဖြင့် ရှင်ဘုရင်တို့သည် စိုးစံရသောအခွင့်၊ မင်းအရာရှိတို့သည် ဆုံးဖြတ်ရသောအခွင့်ရှိကြ၏။ ငါ့အားဖြင့် မင်းသား၊ မှူးမတ်၊ တရားသူကြီး အပေါင်းတို့သည် အစိုးရသောအခွင့်ရှိကြ၏။ ငါ့ကို ချစ်သောသူတို့ကို ငါချစ်၏၊ ငါ့ကိုကြိုးစား၍ ရှာသော သူတို့သည်

တွေ့တတ်ကြ၏။ ငါ၌ စည်းစိမ်နှင့် ဂုဏ်အသရေရှိ၏။ မြဲသောစည်းစိမ်နှင့် ဖြောင့်မတ်ခြင်း ပါရမီရှိ၏။ ငါပေးသောအကျိုးသည် ရွှေထက်မက၊ ရွှေစင်ထက်သာ၍မြတ်၏။ ငါ့ကြောင့်ရသော အခွန်ဘဏ္ဍာသည် ငွေတော် ထက်သာ၍ မြတ်၏။ ငါသည် ဖြောင့်မတ်ခြင်းလမ်း၊ တရားသဖြင့် စီရင်ခြင်း လမ်းအလယ်၌ ရှောက်သွားသည်ဖြစ်၍၊ ငါ့ကိုချစ်သောသူ တို့သည် အမွေခံ ရသောအခွင့်နှင့်၊ သူတို့ဘဏ္ဍာတိုက်ပြည့်ဝစေသော အခွင့်ကို ငါပေးတတ်၏။

ထို့နောက်၊ ခမည်းတော်ဘုရားသခင်သည် သားတော်ဘုရားအား မည်သို့ သက်သေ ထူခဲ့သည်ကို ရှောလမုန် ဆက်လက်ပြောဆိုထားပြန်၏။

**သုတ္တံကျမ်း ၈း၂၂-၃၁** - ထာဝရဘုရားသည် ရှေးအမှုတော်ကိုမပြုမီ ထွက်ကြွတော်မူစကပင် ငါ့ကိုပိုင်တော်မူ၏။ မြေကြီးမဖြစ်မီ၊ ရှေ့ဦး စွာသော ကာလ၊ အနန္တကာလမှစ၍ ငါသည်ဘိသိက်ခံပြီ။ နက်နဲသော ပင်လယ်မဖြစ်၊ ရေနှင့် ကြွယ်ဝသော စမ်းရေတွင်းမဖြစ်မီ ငါ့ကိုဖြစ်ဖွား စေတော်မူ၏။ တောင်ကြီးမတည်၊ တောင်ငယ်မဖြစ်မီ၊ မြေကြီးနှင့် လယ်တောများကို မဖန်ဆင်း၊ အဦးဆုံးသော မြေမှုန့်ကိုမျှ မဖန်ဆင်းမီ၊ ငါ့ကိုဖြစ်ဖွားစေတော်မူ၏။ မိုးကောင်းကင်ကို ပြင်တော်မူသောအခါ ငါ ရှိ၏။ သမုဒ္ဒရာမျက်နှာကို ကန့်ကွက်သောအမှု၊ အထက်မိုးတိမ်ကို တည် စေသောအမှု၊ နက်နဲသောအရပ်၌ စမ်းရေပေါက်တို့ကို ခိုင်ခံ့စေသော အမှု၊ သမုဒ္ဒရာ၌ ကန့်ကွက်သော အပိုင်းအခြားကို ရေမလွှမ်းရမည် အကြောင်း စီရင်သောအမှု၊ မြေကြီးတိုက်မြစ်တည်သောအမှုတို့ကို ပြီးစီး စေတော်မူသောအခါ၊ ငါသည် ကျွေးမွေးတော်မူသော သားကဲ့သို့၊ အထံတော်ပါးတွင်နေ၍၊ အစဉ်မပြတ် မွေ့လျော်တော်မူရာဖြစ်၏။ ရှေ့တော်၌အစဉ်မပြတ် ကစားလျက်၊ ဖန်ဆင်းတော်မူသော မြေကြီး

> တစ်ပြင်လုံးတွင် ရွှင်လန်းလျက်၊ လူသားတို့နှင့် ပေါင်းဖော်၍ ပျော်ပါး လျက် နေ၏။

သားတော်ကို အကြောင်းပြုကာ ဖခမည်းတော်အပေါ် ကျေးဇူးတင်ပါလော့။ သားတော် မပါလျှင် စကြဝဠာသည် ချက်ကျလက်ကျ လည်ပတ်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ယခု ငါတို့သည် ဘုရားတစ်ဆူ၏ ပြည့်စုံမှုကို တွေ့ရပါပြီ။ ဖခမည်းတော်သည် အရာခပ်သိမ်းတို့၏ အရင်းအမြစ်။ ထိုနောက် သားတော်ကို အရာအားလုံး လက်လွှဲခဲ့၏။ သားတော်သည် စကြဝဠာကြီးကို ပဲ့ကိုင်တော်မူ၏။ သားတော်မှ စကြဝဠာ လည်ပတ်ရန်လိုသည့် ဓမ္မတာတရား စီးထွက်၏။ သားတော်ထံ၌ ကိုးစားမှု၊ လိုက်နာမှု ကိန်းသော အာနုဘော်နှင့် ဉာဏ်တော်ရှိ၏။ နေရာခပ်သိမ်းတွင် တည်ရှိနေနိုင်သည့် ဘုရားသခင်၏ဝိညာဉ်တော်မှတဆင့် သားတော်၏ပင်ကိုယ်စိတ်သဘောသည့် စကြဝဠာတစ်ခုလုံးသို့ ဖြန့်ကျက်လျက်ရှိ၏။ ဤသည်ကား အံ့ဖွယ်ကောင်းသောစနစ် တစ်ခု ဖြစ်ပြီး ဘုရားသခင်သည် အနန္တဉာဏ်တော်ရှင်ဖြစ်၏။

ဤအကြောင်းကို တမန်တော်ရှင်ပေါလုက ဤသို့ အကျဉ်းချုံးထား၏။

> **ကောရိန်သုဩဝါဒစာပထမစောင် ၈း၆** - အကြင်ဘုရားသခင်အထံက ခပ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင်အဖို့ အလိုငှာ ငါတို့သည် ဖြစ်ကြ၏။ ထိုခမည်းတော်ဘုရားသခင် တစ်ပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာ ဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ် တစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏။

## ၄။ တန်းတူညီခြင်း

ပြီးခဲ့သည့်အခန်း၌ ဘုရားသခင်၏မဟာဉာဏ်တော်သည် စကြဝဠာကို မည်သို့ဖြစ်တည် စေကြောင်း ငါတို့ လေ့လာပြီးဖြစ်၏။ ဝိသေသထူးနှင့်ပြည့်စုံသည့် သားတော်အကြောင်း ကို စကြဝဠာတစ်ခုလုံးသို့ ထပ်ဆင့်ဝေငှရမည်ဖြစ်၏။ ဖန်ဆင်းခံ လူသားများသည် အကျိုးပေးမတူငြား တန်းတူဖြစ်ကြကြောင်းကို သိကြရန် ဘုရားသခင် စီမံတော်မူ၏။

ခမည်းတော်သည် သားတော်ကို ၎င်းနှင့်တန်းတူသတ်မှတ်၏။ သားတော်၏ ဂုဏ်တော် သည် ၎င်းအတွင်း၌ ထည့်သွင်းထားပေးခြင်းကြောင့်မဟုတ်ဘဲ ခမည်းတော်၏ ဩဇာ၊ ကောင်းချီးပေးခြင်းကြောင့် ဖြစ်သည်ကို သတိချပ်လော့။ သားတော်၌ တန်ခိုးရှိခြင်းကြောင့် ခမည်းတော်နှင့် တန်းတူဖြစ်သည်ဟုမှတ်လျှင် တန်းတူဆိုသည့် အဓိပ္ပာယ်သည် တန်ခိုးတန်းတူဖြစ်ခြင်းဘက်သို့ ဦးတည်နေလိမ့်မည်ဖြစ်သည်။ သို့ဆို လျှင်သားတော်သည် မိမိ၏ တန်ခိုးကိုထုတ်ပြခြင်းဖြင့် မိမိနှင့် ဘုရားသခင်တို့၏ တန်းတူဖြစ်ခြင်းကို သက်သေပြနေသည့်အနေအထားတစ်ခုတွင် ရောက်ရှိသွားလိမ့် မည်ဖြစ်သည်။ဤသို့ပြုမိစေခြင်းငှါ တောထဲတွင် သခင်ယေရှုအား မာရ်နတ် စိန်ခေါ်ခဲ့ လေသည်။ မိမိကိုယ်ကို ဘုရားသားတော် မှန်သည်မမှန်သည်ကို သက်သေပြ ရန်အတွက် ယေရှုအား စာတန် တန်ခိုးထုတ်ပြခိုင်းခဲ့လေသည်။ ကျေးဇူးတင်ဖို့ ကောင်းသည်မှာ သားတော်သည် ခမည်းတော်၏ နှုတ်ထွက်စကားတော်ကိုသာ မှီခိုခဲ့လေ၏။ သားတော်သည် ခမည်းတော်အား ရိုးစင်းစွာ အားကိုးပြီး မည်သူ့ ရှေ့သို့လည်း သက်သေပြစရာမလိုပေ။ ခမည်းတော်နှင့် သားတော်တို့၏ ဆက်ဆံ ရေးသည် စကြဝဠာတစ်ခုလုံး၏ စံ ဖြစ်၏။ ခပ်သိမ်းသောဆက်ဆံရေးတို့သည် ထိုစံကို နမူနာ ယူရာ၏။ ခမည်းတော်သည်သားတော်အား ၎င်းနှင့် တန်းတူမှတ်တော်မူ၏။

> **ဖိလိပ္ပိသြဝါဒစာ ၂း၅၊ ၆** - ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်

တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုပ်ယူခြင်းအမှုဟူ၍မထင်မမှတ်။

**ရှင်ယောဟန်ခရစ်ဝင် ၅း၂၂၊ ၂၃** - လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်နည်းတူ၊ သားတော်ကိုရိုသေ စေမည်အကြောင်း၊ ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ။ တရားစီရင်ခြင်းအခွင့် ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။ သားတော်ကို မရိုသေသောသူသည်ကား၊ သားတော်ကို စေလွှတ်တော်မူသော ခမည်းတော်ကို မရိုသေသောသူဖြစ်၏။

ဤခြေလှမ်းက တန်းတူညီမှုသည် မိတ်ဖက်ရှုထောင့်မှဖြစ်ကြောင်း ပြ၏။ ဤ၌ မိတ်ဖက်ဟူသည် ခမည်းတော် အနက်ဖွင့်သည့်အတိုင်း ၎င်းတို့နှစ်ပါးကို တန်းတူ ဖြစ်စေ၏ဟု ငါတို့ဆိုလို၏။ သားတော်သည်အစွမ်းများကို ခမည်းတော်ထံမှ အမွေရခဲ့၏။ ထို့ကြောင့် ထိုအရာများသည် တန်းတူညီမှုကို မပံ့ပိုး။ တန်းတူဟူသည့် အနက်ပျက်၏။ ပုထုဇဉ်တို့သည် ၎င်းတို့ရရှိကြသော ပါရမီ၊ အစွမ်းသတ္တိတို့ဖြင့် မနိုင်းဘဲ တစ်ဦးနှင့်တစ်ဦး အလိုက်သိ နားလည်ပေးကြရန် ဘုရားသခင်သည် ဤသို့စီမံရခြင်း ဖြစ်၏။

ခမည်းတော်နှင့်သားတော်တို့ တန်းတူဖြစ်ကြသည့် အကြောင်းသည် စကြဝဠာအတွက် အလွန်ပဓာနကျ၏။ ဤပတ်သက်ဆက်နွယ်မှုအကြောင်းကို နားလည်မှုလွဲလျှင် ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို နားလည်မှုလွဲမည်ဖြစ်၏။ အံ့ဖွယ်အကောင်းဆုံးကား သားတော်သည် ခမည်းတော်အကြောင်း အကုန်အစင်သိတော်မူခြင်းပင် ဖြစ်၏။ ခမည်းတော်ဘုရားအကြောင်း သားတော်ဘုရားမှတစ်ပါး ရှင်းပြနိုင်သည့် ပုဂ္ဂိုလ် မရှိ။ သခင်ယေရှုဘုရား ခမည်းတော်နှင့် တန်းတူညီကြပုံကို သတိပြုပါလေ။

**ရှင်ယောဟန်ခရစ်ဝင် ၁၀း၁၅** - ငါသည် ကိုယ်အသက်ကို သိုးတို့အဖို့ အလိုငှာစွန့်၏။

ထို့ကြောင့် သခင်ယေရှုသည် အောက်ပါအတိုင်း ချက်ကျလက်ကျ ဆိုနိုင်ခြင်းဖြစ်၏။

> **ရှင်ယောဟန်ခရစ်ဝင် ၁၄း၉** - ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်၏။

ဤအချက်သည် ဆန်းပြားသည့် တင်ပြချက်တစ်ခု မဟုတ်။ သခင်ယေရှုသည် ခမည်းတော်၏ဂုဏ်တော်ကို ပိုင်ဆိုင်သော၊ သိသော ပုဂ္ဂိုလ်ဖြစ်ကြောင်းပြသည့် တင်ပြချက်တစ်ခုသာ ဖြစ်၏။ ခမည်းတော်၏ စိတ်ကို ထပ်တူထိုးထွင်းသိနိုင်သောပုဂ္ဂိုလ် စကြဝဠာ၌ သားတော်မှတစ်ပါး မည်သူမျှ မရှိ။ ၎င်းတို့၏ ပတ်သက်မှု က ငါတို့ကိုးကွယ်သောဘုရားသည် အာနဘော် တန်းတူ ပိုင်ကြသည့် ဘုရားဖြစ် သည်ဆိုသည်ထက် မေတ္တာရှိကြသောဘုရား ဖြစ်ကြောင်း အရာထင်စေ၏။

ပရောဖက်ယေရမိက ဘုရားသခင့်နိုင်ငံတော်၏ ဘုန်းကို ဤသို့ဆို၏။

> **ယေရမိအနာဂတ္တိကျမ်း ၉း၂၃၊ ၂၄** - ထာဝရဘုရားမိန့်တော်မူသည်ကား၊ ပညာရှိသောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်။ ခွန်အားကြီးသောသူသည် မိမိခွန်အား၌ မဝါကြွားစေနှင့်။ ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။ ဝါကြွားသောသူ မည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြုသော ထာဝရဘုရား ဖြစ်ကြောင်းတည်းဟူသော၊ ငါ့သဘောကို သိနားလည်းခြင်း၌သာ ဝါကြွားစေ။ ငါသည် ထိုအရာတို့၌ မွေ့လျော်သည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

သို့နှင့် ဘုရားသခင်၏နိုင်ငံတော်၌ တန်းတူညီခြင်းသည် ခမည်းတော်နှင့် သားတော်တို့၏တစ်ဦးအပေါ်တစ်ဦး ဆက်ဆံရေးအပေါ် မှီကြောင်း ငါတို့တွေ့ရပြီ။ သားတော်သည် အာဏာတော်ကို ခမည်းတော်နှင့် ပူးတွဲသုံးခြင်းသည် ၎င်း၏ ကိုယ်စွမ်း

ပြနိုင်ခြင်းကြောင့် မဟုတ်ဘဲ ခမည်းတော်၏ အလိုတော်နှင့် အားရနှစ်သက်ခြင်း ကြောင့်ဖြစ်၏။

**ဖိလိပ္ပိဩဝါဒစာ ၂း၉** - ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။

**ဟေဗြဲဩဝါဒစာ ၁း၆** - တစ်နည်းကား၊ သားဦးကို ဤလောကသို့ သွင်းတော်မူသောအခါ၊ ဘုရားသခင်၏ ကောင်းကင်တမန်အပေါင်း တို့သည် ထိုသူကိုပြပ်ဝပ် ကိုးကွယ်ကြစေဟု လာသတည်း။

**ရှင်လုကာခရစ်ဝင် ၉း၃၅** - ဤသူကား ငါ၏ချစ်သားပေတည်း။ သူ၏စကားကိုနားထောင်ကြလော့ဟု မိုးတိမ်က အသံတော်ဖြစ်လေ၏။

တန်းတူညီခြင်းသည် ခမည်းတော်၏ အာဏာစက်၌တည်၏။ သားတော်၏ဝိသေသထူး များကြောင့် မဟုတ်။ ဤ၌ ခမည်းတော်၊ သားတော်တို့သည် အကောင်အထည်ရှိ သီးခြားပုဂ္ဂိုလ်များဖြစ်ကြပြီး ပုခုံးညီကြသည်ဟု ဆိုလိုရင်းဖြစ်၏။

ဤအကြောင်း၏ သက်ရောက်မှုသည် ကနဦးတွင် ရှင်းစွာ မမြင်နိုင်ဖြစ်မည်။ သို့ သော်၊ ၎င်း၏ သက်ရောက်မှုသည် လူသားတို့၏ အိမ်ထောင်တွင် အခရာကျလှ၏။ အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသမီးများတို့၏ တန်းတူညီမှုအကြောင်းကို ပြောဆိုရာတွင် အကျိုးထူးလှ၏။

# ၅။ အကြံတော်

ယခုတွင် ငါတို့သည် သားတော်ဘုရား၏ စိတ်သဘောသည် လူအပေါင်းတို့၏ စိတ်နှလုံးထဲသို့ စီးဝင်ကြောင်းကို တွေ့ကြရပြီ။ ဘုရားဖန်ဆင်းထားသော စကြဝဠာသည် မှန်စွာသဟာယပြုနိုင်ကြမည့်အကြောင်း အဖန်ဆင်းခံပုထုဇဉ်များသည် အသက်ပေးသော သားတော်၏စိတ်ဓာတ်ကို လက်ခံနိုင် (ဝါ) ငြင်းနိုင်စွမ်း ရှိရပါမည်။ စကြဝဠာ တစ်ခုလုံးသည် လွတ်လပ်စွာရွေးချယ်ခွင့်မရှိလျှင် သံပတ်ပေးထားသည့် စက်ရုပ်ပမာဖြစ်မည်။ လူသားတစ်ဦးချင်းစီတို့အား လွတ်လပ်စွပ်ရွေးချယ်ရသော အခွင့်ကို ဘုရားပေးထားတော်မူသည်။ – ၎င်း၏သားတော်အားဖြင့် အသက်ပေးသောဘုရားသခင်ကို ချစ်ကြည်ညို၊ လက်ခံ (သို့) ငြင်းကာ သေခြင်းကို ရွေးရာ၏။

> **ယောရှုမှတ်စာ ၂၄း၁၅** - သို့မဟုတ် ထာဝရဘုရားအား ဝတ်မပြုကောင်းဟု သင်တို့ ထင်လျှင်၊ မြစ်ကြီးတစ်ဖက်၌ ဘိုးဘေးတို့ဝတ်ပြုသော ဘုရား၊ သင်တို့နေရာ အာမောရိ ပြည်သားတို့၏ ဘုရားများတွင်၊ အဘယ်မည်သော ဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေး ကြလော့။ ငါနှင့် ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်။

> **သုတ္တံကျမ်း ၃း၅၊ ၆** - ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။

လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ဟုဆိုရာ၌ အယောက်တိုင်းက သားတော်ဘုရား၏ အသက်ပေးသောပင်ကိုယ်လက္ခဏာများကို မူပိုင်ပမာ သုံးစွဲသည်ဟု ဆိုလို၏။ ခမည်းတော်ကိုချစ်သည့် သားတော်၏မေတ္တာသည် ငါတို့၏မေတ္တာဖြစ်လာ၏။ သားတော်၏ အပ်နှံကိုးစားခြင်းအရာသည် ငါတို့အရာ ဖြစ်လာ၏။ ငါတို့သည် အပ်နှံရန်ဆက်လက် ရွေးချယ်ခြင်းကြောင့် ၎င်း၏ ဖြောင့်မတ်ခြင်း ကုသိုလ်တော်သည် ငါတို့ကိုယ်ပိုင်ပမာ

ဖြစ်လာ၏။ မိမိကိုယ်ကို အပ်နှံနိုင်ခြင်း၊ ရွေးချယ် နိုင်ခြင်းတို့သည် ထိုမေတ္တာတော်မှ စီးဆင်းလာခြင်းဖြစ်ပြီး ဘုရားသခင့် အသိုက်ကို ဖျက်သော အဖျက်အမှောင့်သည် စကြဝဠာအတွင်းဝင်လာကာ ပုထုဇဉ်ခပ်သိမ်းအပေါ် ဒုက္ခကို ဆောင်ကြဉ်းခဲ့ကြောင်း လာမည့်အခန်း၌ နီးနှောကြအံ့။

## ၆။ ပဋိပက္ခကြီးထွားလာခြင်း

အရာခပ်သိမ်း အတိအကျစီစဉ်ပြီးသည့်နောက် သားတော်ဘုရားသည် စကြဝဠာကို ဖန်ဆင်းရန် တာဝန်အပ်နှင်းခံရ၏။ သားတော်သည် ခမ်းညားတော်၏တန်ခိုးတော်အား ဖြင့် သက်ရှိ သက်မဲ့ စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူ၏။ ကောင်းကင်တမန် အသင်းချေကို ဖန်ဆင်းခဲ့ပြီး နံနက်သား မိုးသောက်ကြယ်အမည်ရှိသော လူစီဖာသည် ထိုသူတို့တွင် သားဦးဖြစ်၏။

**ရှင်ယောဟန်ခရစ်ဝင် ၁း၁-၃** - အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော် သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစ အဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်း လွတ်လျက် ဖြစ်သော အရာတစ်စုံတစ်ခုမျှမရှိ။

**ဧဖက်သြဝါဒစာ ၃း၉** - အလုံးစုံတို့ကို ယေရှုခရစ်အားဖြင့် ဖန်ဆင်း တော်မူသော ဘုရားသခင် ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက် ရှိသော ထိုနက်နဲသောအရာနှင့် စပ်ဆိုင်သော သာသနာသည် အ ဘယ်သို့ ဖြစ်သည်ကို လူအပေါင်းတို့အား ထင်ရှားစေ၏။

**ဟေဗြဲသြဝါဒစာ ၁း၁၊ ၂** - ရှေးလွန်လေပြီးသောအခါ ပရောဖက်များ အားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော် မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော် အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်ဖြင့်လည်း လောက ဓာတ်တို့ကို တည်တော်မူ၏။

ဘုရားသခင့်သားတော်၏ ရာထူးနေရာနှင့် ဘုရားသခင့်ပြည့်စုံခြင်းအလုံးစုံတို့ကို အမွေတော်အဖြစ် သားတော်ရရှိထားကြောင်းကို လူစီဖါသိ၏။ သို့ဖြစ်၍ လူစီဖာသည် သားတော်နှင့်ပတ်သက်ပြီး ခမည်းတော်၏ဉာဏ်တော်ကို မျက်ခြေပြတ်စ ဖြစ်လာ၏။ သားတော်သည် ဘာကိုမှီ၍ ခမည်းတော်နှင့် တန်းတူနိုင်ရသနည်းဟု လူစီဖါ မေးခွန်းထုတ်လာ၏။ သားတော်ဘုရား၏ ရာထူးနေရာကို သူတပ်မက်စပြုလာ၏။ ဤရာထူးနေရာကို သားတော်နည်းတူ ငါလည်း ဘာ့ကြောင့်မရထိုက်သနည်း ဟူ၍ သူတွေးတောမိလေ၏။ ဘုရားနှင့်တန်းတူနိုင်သည့် တတိယအဆင့် မရှိကောင်းသလော။ လူစီဖာသည် စကြဝဠာတစ်ခုလုံး စည်းလုံးစေသော သားတော်၏ အဓိကအခန်းကဏ္ဍကို စာတန်နားမလည်ခဲ့ပါ။ ကောလောသဲ ဩဝါဒစာ ၂း၉၊ ၁၀။

ခမည်းတော်နှင့် သားတော်ဘုရားတို့၏ ဖြစ်တည်မှု၊ သိက္ခာတော်များကို ကြည်ညို လေးစားရမည့်အစား ထိုရာထူးကို သူ တပ်မက်လေ၏။ သားတော်သည် ခမည်းတော်မှ ဖြစ်ဖွားစေသောသူမှန်လျှင် ခမည်းတော်နှင့် သူဂုဏ်ရည်မတူနိုင်ဟု သူ အကြောင်းပြ မှတ်ယူ၏။ သားတော်၏ဖြစ်တည်မှုသည် ခမည်းတော်ကြောင့် ဖြစ်သည်မှန်လျှင် ဘာ့ကြောင့် ကိုးကွယ်ရပ့်ါဟု စာတန်စောဒကတက်မိ၏။ ထို့ကြောင့် ငှင်းလည်း သားတော်နှင့်တန်းတူ ဖြစ်ရမည် (သို့) သားတော်သည် ခမည်းတော်နှင့်တန်းတူဖြစ်သည်ဆိုခြင်းမှာ မတရားဟု မြင်၏။

> **ဖိလိပ္ပိဩဝါဒစာ ၂း၅၊ ၆** - ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မှတ်။

> **ဟေရှာယအနာဂတ္တိကျမ်း ၁၄း၁၂-၁၄** - အိုနံနက်သား၊ မိုးသောက်ကြယ်၊ သင်သည်ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သော သင်သည်၊ မြေတိုင်အောင်ခုတ်လှဲခြင်းကို ခံရလေပြီတ

ကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော် တောင်ပေါ်မှာ ငါထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ ငါ တက်မည်။ အမြင့်ဆုံးသော ဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။

**ယေဇကျေလအနာဂတ္တိကျမ်း ၂၈း၁၄၊ ၁၅** - သင်သည်ဖြန့်၍ လွှမ်းမိုးသော ခေရုဗိမ်ဖြစ်လျက်၊ ငါ့အခွင့်နှင့် ဘုရားသခင်၏ သန့်ရှင်းသော တောင်ပေါ်မှာ နေရာကျ၍ မီးတောက်သော ကျောက်တို့တွင် သွားလာရ၏။ ဖွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသောနေ့တိုင်အောင်၊ ပြုလေရာရာ၌စုံလင်လျက်ရှိ၏။

လူစီဖာသည် ဘုရားသခင်၏ ကြယ်များအပေါ်၊ ကောင်းကင်တမန်များ အထက်တွင် ပလ္လင်တည်ရန် ကြံ၏။ ဘုရားအလား စံလို၏။ ၎င်းရှေ့ရှုမှုခပ်သိမ်းသည် ရာထူး၊ ဂုဏ်ဒြပ်များသာဖြစ်၏။ ဘုရား၏သီလသိက္ခာတော်ကို ရှေ့ရှုမှုအလျှင်းမရှိ ရာထူး၊ ဂုဏ်ဒြပ်များကိုသာ သူတပ်မက်၏။

လူစီဖာ၌ ဤအတွေးမျိုး မည်သို့ဖြစ်တည်လာသည်မှာ အဖြေမဲ့ ပဟေဠိတစ်ခုဖြစ်၏။ ကျမ်းသက်သေ လည်းမရှိ။ မိမိဖန်ဆင်းခဲ့သော ပုဂ္ဂိုလ်ခပ်သိမ်းတို့အား ဘုရားသခင်ပေးထားတော်မူသည့် လွတ်လပ်စွာရွေးချယ်ပိုင်သောအခွင့်ကို လူစီဖာသည် စကြာဝဠာအတွက်ကြံစည်သောဘုရားသခင်၏ ဉာဏ်တော်ကို ကန့်လန့်တိုက်ဖို့အတွက် အသုံးပြုခဲ့၏။

ဘုရားသခင်သည် လူစီဖာသွားနေသည့်လမ်းကြောင်းအကြောင်းကို လူစီဖာအား အသိပေး နှီးနှောလို၏။ သားတော်ဘုရားသည် ထိုရာထူးဂုဏ်တော်နှင့်ဘာ့ကြောင့်တန်ကြောင်း လူစီဖာအား သူရှင်းပြခဲ့၏။ သို့ကြား လူစီဖာသည် နားထောင်ရန်ငြင်းဆန်ပြီး ယိုးစွပ်သူဟု အဓိပ္ပာယ်ရသည့် စာတန်မာရ်နတ် ဖြစ်လာ၏။ ၎င်းက

ဘုရားသခင်သည် မှားယွင်းသော နိုင်ငံတော်ကို တည်ထောင်သောဘုရားဟု စွပ်စွဲပြီး သားတော်အား ကိုးကွယ်ရန် ငြင်းဆန်၏။ ၎င်းသည် ဘုရားနှင့်တန်းတူ မဖြစ်နိုင်လျှင် အလိုလိုထင်ရှားရှိတော်မူသော နိစ္စထာဝရပုဂ္ဂိုလ်ကိုသာ ဘုရားဟု လက်ခံမည်ဟု စိတ်ပိုင်းဖြတ်၏။

ဤဥ္စအလွန်ပဓာနကျသည့် အခြေခံသဘောတရားရှိ၏။ ဘုရားသခင်သာလျှင် ဇီဝ ရင်းမြစ်ဖြစ်၏။ ဘုရားသခင်အား ဆန့်ကျင်၊ မကိုးစား၊ မနာခံခြင်းများသည် သင့်အား ထိုအသက်နှင့်ပြတ်တောက်စေ၏။ ဘုရားသခင်ထံ ပုံချအပ်နှံပါမှ အသက်ရရှိမည် ဖြစ်ပြီး ပုံချအပ်နှံမှုသည်လည်း သားတော်ထံမှ မြစ်ဖျားခံ၏။ ဤအချက်သည် ခမည်းတော်နှင့် သားတော်နှစ်ပါးစလုံးသည် ဘာ့ကြောင့်အခရာကျလှကြကြောင်း ဖော်ပြ ပေး၏။ နာခံရန် ငြင်းဆိုခဲ့ခြင်းဖြင့် လူစီဖာသည် သားတော်၏ နာခံလိုစိတ်သဘောကို ကန့်လန့်တိုက်၏။ ထိုငြင်းဆန်ခြင်းသည်ပင် မုန်းတီးခြင်း၊ ပါဏာတိပါတာကံ ကျူးလွန် ခြင်း ဖြစ်လေ၏။ ထို့ကြောင့်လည်း ဇာတိစိတ်သဘောသည် ဘုရားသခင်ကို ဆန့်ကျင် ၏ - ရောမ ၈း၇။ မာရ်နတ်က ဘုရားသခင်အား အာခံသည့်အခါ ဘုရားသခင်သည် ဆုံးဖြတ်ချက် မဆိုင်းမတွ ချရတော့၏ – အမှန်ကား ချပြီးသားဖြစ်ပြီး ယခုတွင် အကောင်အထည် ဖော်ရတော့မည်။ ဘုရားသခင်ကို တော်လှန်ရာ၌ လူစီဖာသည် ခရစ်တော်၏ နာခံတတ်သည့်စိတ်သဘော ငြင်းဆန်ခြင်းပင်ဖြစ်ပြီး ဘုရား၏သားတော် ကို သတ်ခြင်းပင်ဖြစ်၏။ ၎င်းက သင်၏တန်ခိုးကိုသာ ငါ ပိုင်လို၏၊ သင်၏သားကို ငါ မလိုပါဟုဆို၏။ ဘုရားသခင်သည် လူစီဖာအား ချက်ချင်းသေစေလိုလျှင် ရ၏ (သို့) လူစီဖာက မနောဖြင့် ပြုသည့်ကံကို သားတော်အား ခံစေလိုလျှင်လည်းရ၏။ သခင်ခရစ်တော်၏ အသေခံမှုသည် တရားမျှတခြင်းကို ပြခြင်းမဟုတ်ဘဲ၊ အသက်ဟူ သည် ခမည်းတော်နှင့် သားတော်ထံမှ မြစ်ဖျားခံကြောင်း ပြသခြင်းဖြစ်၏။ လူစီဖာ သည် သားတော်ဘုရား၏ ဂုဏ်တော်ကို လက်ခံရန် စိတ်မပိုင်းဖြတ်ဖူးသောကြောင့် သားတော်၏အသေခံခြင်းအကျိုးကို သူခံစားရမည်မဟုတ်။ သခင်ခရစ်တော်၏ အသေ ခံမှုသည် မာရ်နတ်နှင့် အပေါင်းပါတို့၏ အတွင်းဘီလူးရုပ်ကို စကြဝဠာတစ်ခုလုံးသို့

ချပြ၏။ သားတော်အစား မာရ်နတ်အား ပြစ်ဒဏ်ပေးလျှင် မည်သည့်လူသားကမျှ ဘာ့ကြောင့် ဤသို့ ပြစ်ဒဏ်ပေးရကြောင်းကို သဘောပေါက်နိုင်မည် မဟုတ်ဘဲ ဘုရားသခင်အား သူတို့ ကြည်ညိုချစ်ခင်ကြမည့် အစား ကြောက်လန့်ကြမည်ဖြစ်၏။ ဤကန့်လန့်တိုက်မှုတွင် သားတော်ဘုရားသည် မြေစာပင် ဖြစ်ရ၏။ ဖန်ဆင်းခံ ပုဂ္ဂိုလ်များသည် ဘုရားသခင်အား အမှန်အတိုင်း သိမြင်နိုင်ကြရန် ဘုရားသခင်သည် ဤဖြစ်စဉ်မှ လမ်းကြောင်းပြောင်း (သို့) သားတော်ကို စတေးခံ စေရမည်ဖြစ်၏။ လက်ဝါးကားတိုင်၌ အသေခံတော်မူခြင်း၏ဓမ္မစစ်သည် ဘုရားသခင်၏ နိုင်ငံတော်၌ ၎င်း၏ဂုဏ်တော်အစစ်ကို သိကျွမ်းစေရန်ဖြစ်၏–ရှင်ယောဟန်ခရစ်ဝင် ၁၇း၃။

မာရ်နတ်သည် ၎င်း၏မိစ္ဆာအယူကို ကောင်းကင်တမန်များအကြား ဝါဒစတင်ဖြန့်ခဲ့ကာ ကောင်းကင်တမန်သုံးပုံတစ်ပုံက လူစီဖာ မှန်သည်ဟု မှတ်ကြ၏။ ၎င်းတို့သည် ခမည်းတော်ထံမှ အရာခပ်သိမ်း အမွေရခဲ့သည့်သားတော်၌ မည်သည့် ဝိသေသထူး ရှိ၍ ဘာ့ကြောင့်ပုံအပ်ရမည်နည်း။ ၎င်းတို့သည် ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်ကြ၏။ သို့နှင့် ကောင်းကင်၌စစ်ဖြစ်ကာ မာရ်နတ်နှင့်အပေါင်းပါတို့သည် အနင် ခံရ၏။

> **ဗျာဒိတ်ကျမ်း ၁၂း၇-၉** - ကောင်းကင်၌ စစ်ဖြစ်၏။ မိက္ခေလနှင့် သူ၏ကောင်းကင်တမန်တို့သည် နဂါးကို စစ်တိုက်ကြ၏။ နဂါးနှင့်တမန်တို့သည် စစ်တိုက်၍မနိုင်ကြ။ ကောင်းကင်၌လည်း သူတို့နေစရာမရှိ။ ထိုအခါ ဤလောကတစ်နိုင်ငံလုံးကို လှည့်ဖြား၍ မာရ်နတ်စာတန် အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသောနဂါးကြီးကို၎င်း၊ သူနှင့်အတူ သူ၏ တမန်တို့ကို၎င်း၊ မြေကြီးသို့ချလိုက်ကြ၏။

ဘုရားသခင်သည် အလိုရှိက မာရ်နတ်ကို ချက်ချင်းသေခွင့်ပေးနိုင်၏။ သို့ြငား ၎င်း၏ အဓ္ဓရာယ်အတွေးမျိုးစေ့အား ပေါ်လွင်ထင်ရှား စေဖို့လို၏။ မာရ်နတ်သည် ဘုရား၏ သားတော် အားဖြင့်သာ ရနိုင်သည့်တစ်ခုတည်းသော ဇီဝအရင်းအမြစ်ကို ငြင်းပယ်ပြီး သောကြောင့် မာရ်နတ်အားဖျက်စီးလိုလျှင်ရ၏။ သို့ြငား အခြားသောကောင်းကင်တမန်

များနှင့် အပြစ်မသင့်ခဲ့သည့် အခြားကမ္ဘာသားများက ဘုရားသည် ကြမ်းကြုတ်သည့် ဘုရား ဖြစ်သည်ဟု မာရ်နတ်စွပ်စွဲခဲ့သည့်အတိုင်း မှတ်ကြမည်ဖြစ်၏။ ဖန်ဆင်းခြင်းသည် သားတော်အားဖြင့် အထမြောက်ကြောင်း၊ ဘုရား (သို့) စာတန် မည်သူသည် ဓမ္မစစ် ဖြစ်ကြောင်း ဖန်ဆင်းခံလူသားတိုင်းအား ဆုံးဖြတ်ပိုင်ခွင့် ပေးတော်မူ၏။

# ၇။ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း

မာန်နတ်နှင့် ကောင်းကင်သားသုံးပုံတစ်ပုံက သားတော်၏အဆင့်အတန်း၊ ခမည်းတော်နှင့် ပတ်သက်ပုံကို စောဒကတက်ကြ၏။ ခမည်းတော်၊ သားတော်ဘုရားတို့၏ ဇာတိတော် နဂိုတော်ကို စစ်ဆေးနိုင်သည့်ပုဂ္ဂိုလ် တစ်ဦးမျှမရှိ။ ထို့ကြောင့် ခမည်းတော်ဘုရားသည် လူသားတိုင်းအတွက် အမြတ်ဆုံးကို သိတော်မူ၏ဟု ကိုးစားယုံကြည်ရန်သာ ရှိ၏။

တစ်ချိန်ချိန်တွင် မိမိနှင့်သားတော်အကြား ဆက်ဆံရေးကို စာတန် စောဒကတက် နိုင်ခြေရှိကြောင်းကို သိပြီးဖြစ်သောကြောင့် ဘုရားသခင်သည် အစီအစဉ်ချ ပြီးသားဖြစ်၏။ ၎င်းတို့၏ ကြီးမြတ်မှု၊ နာခံတတ်မှုများကို စကြဝဠာတစ်ခုလုံးက နမူနာယူကြရန် ပမာပြခဲ့၏။

ခမည်းတော်နှင့် သားတော်ဘုရားတို့မှ ကမ္ဘာလူသားကိုဖန်ဆင်းရန် အစပြုချိန်မှ စပြီး လူစီဖာ၏ အပျက်စိတ်သဘောသည် ထပ်ဆင့်ထွားလာ၏။ လူစီဖာသည် ဤကမ္ဘာကြီး၏ အရှင်ဖြစ်လိုခဲ့၏။ ထိုလျှောက်တင်ချက် အပယ်ခံရ၏။ ဤကမ္ဘာ၌ လူသားကို ခမည်းတော်၊ သားတော်တို့ကဲ့သို့သဏ္ဍာန်တူဖန်ဆင်းမည်ဖြစ်သောကြောင့် သခင်ခရစ်တော်သည် ဤကမ္ဘာ၏ အရှင်ဖြစ်ရမည်ဖြစ်၏။ လူစီဖာသည် သားတော် ဘုရားအပေါ် မနာလိုမုန်းတီးစိတ် ဝင်တော့၏။ လူစီဖာက ဤစီမံကိန်းသည် ခမည်းတော်နှင့် သားတော်တို့၏ ပတ်သက်မှုကို သာ၍အမြင်ရှင်းစေမည့် စီမံကိန်း ဖြစ်သည်ဟုမြင်လျှင်၊ ဘုရားသခင်၏နိုင်ငံတော်၌ သားတော်သည် အလွန်အရေး ပါကြောင်းကိုမြင်လျှင် ၎င်းအတွက်သာ၍ကောင်းမည်ဖြစ်လျှက်နှင့် ထိုသို့မဖြစ်ခဲ့ပါ။

ခမည်းတော်နှင့် သားတော်တို့သည် ၎င်းတို့၏ ပတ်သက်မှုကို စကြဝဠာတစ်လုံးသို့ ချပြန်နိုင်ရန် အကြံတော်ရှိသည့်အတိုင်း ဆက်၍ရှေ့တိုးခဲ့ကြ၏။ "ငါတို့ ပုံသဏ္ဍာန်နှင့် တစ်ညီ တစ်သဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့" ဟုဆို၏။ ကမ္ဘာဦးကျမ်း ၁း၂၆။

ထိုတစ်ပတ်အတွင်း၏ ဖန်ဆင်းခြင်းအမှုကို မည်သူထိုးထွင်းသိနိုင်မည်နည်း။ ကမ္ဘာကြီးသည် သားတော်၏ ဖန်ဆင်းခြင်းတန်ခိုးတော်အားဖြင့် တစ်ရက်ပြီးတစ်ရက် ရုပ်လုံးပေါ်လာ၏။ ကုန်းမြေ၊ မြက်ခင်း၊ ပန်းမာလ်၊ သစ်ပင်၊ နေ၊ လ၊ ကြယ်နက္ခတ်၊ သတ္တဝါများ ဖန်ဆင်းအပြီးတွင် ခေါင်အဖြစ် လူယောက်ျားနှင့် လူမိန်းမနစ်ဦးကို ဖန်ဆင်းခဲ့၏။

ဖန်ဆင်းခြင်း အဆင့်ဆင့်တိုင်းသည် အရေးပါလှပြီး ခမည်းတော်နှင့် သားတော်တို့၏ ဂုဏ်တော်ကိုထင်ဟပ်၏။

> **ကမ္ဘာဦးကျမ်း ၁း၂၇** - ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောက်ျား၊ လူမိန်းမကို ဖန်ဆင်းပြီး၏။

ဖန်ဆင်းခြင်းသည် ဤသို့ အဆင့်ဆင့်တန်းစဉ်လိုက်လာ၏။

> **ကမ္ဘာဦးကျမ်း ၂း၇** - ထိုနောက်၊ ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏ နှာခေါင်းထဲသို့ ဇီဝအသက် မှုတ်တော်မူလျှင်၊ လူသည်အသက်ရှင်သောသတ္တဝါဖြစ်လေ၏။

> **ကမ္ဘာဦးကျမ်း ၂း၁၈-၂၅** - ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောက်ျားသည် တစ်ယောက်တည်း မနေကောင်း၊ သူနှင့်တော်သော အထောက်အမကို သူ့ဖို့ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။ ထာဝရအရှင်ဘုရားသခင်သည် မြေတိရစ္ဆာန်တို့နှင့်၊ မိုးကောင်းကင်ငှက်အပေါင်းတို့ကို မြေဖြင့်ဖန်ဆင်းတော်မူပြီးလျှင်၊ လူသည် အဘယ်သို့ ခေါ်ဝေါ်သမုတ်မည်ကို သိခြင်းငှာ၊ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ လူသည်လည်း အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို ခေါ်ဝေါ်သမုတ်သည်အတိုင်း၊ နာမည်အသီးအသီးရှိကြ၏။ ထိုသို့လူသည် သားယဉ်အပေါင်းတို့ကို

လည်းကောင်း၊ မိုးကောင်းကင်ငှက်အပေါင်းတို့ကိုလည်းကောင်း၊ သားရဲအပေါင်း တို့ကိုလည်းကောင်း၊ အမည်ပေး၍မှည့်လေ၏။ သို့သော်လည်း လူနှင့်တော်သော အထောက်အမ မပေါ်မရှိသေး။ ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတစ်ချောင်းကို ဘုရားသခင် ထုတ်ပြီးလျှင်၊ ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏။ ထာဝရအရှင် ဘုရားသခင်သည် လူထဲကထုတ်သောနံရိုးဖြင့် လူမိန်းမကိုဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ လူကလည်း၊ ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသား ဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ့ကို လူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍၊ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်။ ထိုသူ လင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲ နေ၍၊ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ကြ၏။

ဘုရားသခင်သည် သားတော်အားဖြင့် မြေမှုန့်ယူ၍ ပုံသွင်းကာ အသက်ကိုနှာဝမှ မှုတ်သွင်းပြီး အာဒံ ဖြစ်စေ၏။ ထိုနှင့်တစ်ပါတည်း ခမည်းတော်၏ ကောင်းချီး၊ သားတော်၏ ယုံကြည်နာခံတတ်သည့်စိတ်သဘောကို အာဒံထံ လက်ဆင့်ကမ်းခဲ့၏။ အာဒံသည် ဘုရားသခင်၏ အလိုတော်ကို ဖြည့်ဆည်းလိုသည့် စိတ်အရင်းခံရှိ၏။ အကြောင်းကား ထိုစိတ်သဘောကို သားတော်ထံမှ သန့်ရှင်းတော်ဝိညာဉ်တော်အားဖြင့် လက်ခံရရှိခြင်း ကြောင့်ဖြစ်၏ … ။

**၁ ကော ၂း၁၆** - ထိုလူကိုသွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရား၏ စိတ်တော်ကိုသိသနည်း။ ငါတို့မူကား ခရစ်တော်၏ စိတ်ကို ခံရကြ၏။

မိမိ၌ တစ်စုံတစ်ရာ လပ်နေသေးသည်ဟူသည့်အသိတစ်ခုကို အာဒံအား ဘုရားသခင် အသိကပ်စေ၏။ အဘယ့်ကြောင့်နည်း။ ဤအချက်ကား ငါတို့အား ဘုရားသခင်နှင့် ၎င်း၏နိုင်ငံတော်အကြောင်း သွန်သင်၏။ အချို့သောအရာများသည် ကိုယ်ကြုံမှသာ သိနိုင်မည်ဖြစ်ပြီး အာဒံသည် ၎င်း၌ လပ်နေသည်ဟူသည့် အသိကြောင့် သာ၍ ဆန္ဒထန်ပြီး ဘုရားသခင် ဖြည့်ဆည်းပေးသည့်အခါ လွန်စွာသဘောတွေ့၏။

အာဒံသည် ၎င်းအား သာအတူနာအတူ နားလည်ဖေးမပေးမည့် ပါရမီဖြည့်ဖက် လိုလျက် ရှိ၏။ အာဒံသည် တိရစ္ဆာန်အပေါင်းတို့ကို အမည်ပေးသည့်အခါ ၎င်းနှင့် တူသူ မရှိကြောင်း သိလာ၏။ ယင်းအဖြစ်က ဘုရားသခင့် နိုင်ငံတော်၏ အနှစ် ဖြစ်သည့် ဆက်ဆံရေးအကြောင်းကို အာဒံ၏စိတ်၌ အမြစ်စွဲလေ၏။ ကိုယ်ဖြစ်မှ ကိုယ်သိ မည့် အဖြစ်ဖြစ်၏။ ဘုရားသခင်သည် ဆက်ဆံရေး၏ အရေးပါမှုကို နှုတ်တွေ့သင်ပေး နိုင်၏။ သို့ပြား တိရိစ္ဆာန်များကို အမည်ပေးရင်း မည်သည့်အရာ သည် အခရာကျကြောင်းကို အာဒံ ရှင်းရှင်း သိလာရ၏။

ဘုရားသည် အဘယ့်ကြောင့် အာဒံကိုကြီးစွာအိပ်စက်စေကာ ၎င်း၏နံရိုးဖြင့် မိန်းမကို ဖန်ဆင်းရသနည်း။ ကိစ္စမများပေလော။ အနစိတ်လွန်းပေ၏။ ဘုရားသည် အာဒံ၏ ဦးနှောက်ကို ဘာ့ကြောင့် မသုံးရသနည်း။ ဘာ့ကြောင့် နံရိုးကိုမှ ယူရသနည်း။ ကျမ်းရင်း ကလည်း ဤအကြောင်းရှင်းမထား။ သို့သော် အာဒံ၏ အထီးကျန်ဝေဒနာကို နားလည် ပါရမီ ဖြည့်ပေးသည့် အကြောင်းရင်းဖြစ်မည်ဟု ယူနိုင်၏။

**ရှင်ယောဟန်ခရစ်ဝင် ၁း၁၈** - ဘုရားသခင်ကို အဘယ်သူမျှ မမြင် စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသော သားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ။

**ရှင်ယောဟန်ခရစ်ဝင် ၈း၄၂** - အကြောင်းမူကား၊ ငါသည် ဘုရားသခင့် အထံတော်မှ ထွက်ကြွရောက်လာ၏။ ကိုယ်အလိုအလျောက်လာသည် မဟုတ်။ ဘုရားသခင်သည် ငါ့ကိုစေလွှတ်တော်မူ၏။

**သုတ္တံကျမ်း ၈း၂၃-၂၅** - မြေကြီးမဖြစ်မီ၊ ရှေ့ဦးစွာသောကာလ၊ အနန္တကာလမှစ၍ ငါသည် ဘိသိက်ခံပြီ။ နက်နဲသော ပင်လယ်မဖြစ်၊ ရေနှင့်ကြွယ်ဝသော စမ်းရေတွင်းမဖြစ်မီ ငါ့ကိုဖြစ်ဖွားစေတော်မူ၏။ တောင်ကြီးမတည်၊ တောင်ငယ်မဖြစ်မီ၊ ငါ့ကိုဖြစ်ဖွား စေတော်မူ၏။

**ရောမဩဝါဒစာ ၁း၁၉၊ ၂၀** - အဘယ်ကြောင့်နည်းဟူမူကား၊ သိအပ်သော ဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင်ထင်ရှားလျက်ရှိ၏။ အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းသော အရာများကိုထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထိုကြောင့် သူတို့သည် ကိုယ်အပြစ်ကိုမဖုံးနိုင်ရာ။

ငါတို့ထုတ်နုတ်ခဲ့သည့် ကျမ်းချက်များကို ပြန်ကြည့်လျှင် သားတော်သည် ခမည်းတော်၏ရင်ခွင်မှလာ၏ ဆိုသည့်အချက် ငါတို့တွေ့ရ၏။ သုတ္တံကျမ်း ၈း၂၅ ၌ "ဖြစ်ဖွား" ဟုဆိုထား၏။ ရှင်ပေါလုမှလည်း ဖန်ဆင်းတော်မူသောအရာတို့သည် တန်ခိုးကြီးမြတ်သော ဘုရားသခင် ရှိတော်မူကြောင်းကိုပြသည်ဖြစ်၍ ငါတို့သည် လက်တစ်လုံးခြား ဆင်ခြေပြစရာမရှိဟု ဆို၏။

ဧဝနှင့် ပထမဆုံး မျက်လုံးချင်းဆုံခိုက်တွင် ၎င်းအားပါရမီဖြည့်ပေးနိုင်မည့် လက်တွဲဖော်ကို ပိုင်ဆိုင်ရပြီဖြစ်ကြောင်းသိခဲ့သည့် အာဒံအဖြစ်ကို မည်သူအကုန်အစင် သိနားလည်နိုင်မည်နည်း။ အလိုတော်အတိုင်း လိုက်နာခြင်း၏ အရေးပါပုံကို မြေး၊ မြစ်၊ တီ၊ တွတ်များအထိ သွန်သင်ပေးမည့်၊ ၎င်း၏ မျိုးဆက်ကို ပြန့်ပွားပေးမည့်၊ ၎င်း၏အရိုးထဲက အရိုး၊ အသားထဲကအသားသည် ၎င်း၏ဘေး၌ ခြေစုံရပ်လျက်ရှိပြီ။ သားတော်မရှိဘဲ ခမည်းတော်သည်မပြည့်စုံသည့်ပမာ အာဒံသည် လည်းလက်တွဲဖေါ် ဧဝ မရှိဘဲ မဖြစ်နိုင်သည့် နိုင်ငံတော်ကို ဘုရားသခင်တည်ခဲ့၏။ အာဒံမျိုးဆက်တို့သည်

ဝေကဲ့သို့သော သက်ရှိ စံနမူနာပြမည့် ပုဂ္ဂိုလ်မျိုး မရှိလျှင်မည်သို့ ပုံချအပ်နံ့လိုက်နာကြရမည်ကို သိကြမည်မဟုတ်။

ဇနီးမောင်နှံဆက်ဆံရေး၌ သန့်ရှင်းမွန်မြတ်ခြင်းရှိ၏။ ဤဆက်ဆံရေးသည် စင်းလုံးချော မှသာ ခမည်းတော်နှင့် သားတော်တို့၏ဆက်ဆံရေးကို ညွှန်းမည်ဖြစ်ပြီး သားတော် ဘုရားအပေါ် မာရ်နတ်၏ စွပ်စွဲချက်တို့သည် မှားကြောင်းကိုလည်း အစဉ်ပြသရာ ရောက်ပါမည်။

> **၁ ကော ၁၁:၁၀** - ထိုကြောင့်၊ ကောင်းကင်တမန်များကိုထောက်၍၊ မိန်းမသည် မိမိခေါင်းကို ဖုံးရမည်။

၎င်းနှင့်သားတော်အကြား ဆက်ဆံရေးအကြောင်း ကောင်းကင်တမန်များကို သွန်သင်ရန် ဘုရားသခင်သည် လင်နှင့်မယားပုံစံကို ချပြခဲ့၏။ ရခဲလှသည့်ဘဝ မဟုတ်လော။

ဤအမှန်တရားကို သိပြီဖြစ်ကြသောကြောင့် ထိမ်းမြားခြင်း၏အနှစ်ကား ငါတို့သည် ခမည်းတော်နှင့်သားတော် အကြားဆက်ဆံမှုကို အတုယူကြရန်ဖြစ်ကြောင်း တွေ့နိုင်၏။ လင်သည် ကောင်းချီး ရင်းမြစ်၊ ဇနီးသည် ကိုးစားအပ်နှံခြင်းကိုပြသူ ပမာဆင်၏။

အာဒံ၊ ဧဝတို့သည် ထူးမြတ်သော အခွင့်ကို ရကြ၏။ ၎င်းတို့သည် ခမည်းတော်နှင့် သားတော်တို့အတိုင်း နေထိုင်ခဲ့လျှင် ဒုက္ခသစ္စာကို မည်မျှလွဲဖယ် နိုင်ကြပါမည်နည်း။

## ၈။ မုသားအပေါင်း၏ ဖခင်

မာရ်နတ်သည် ၎င်းအား သားတော်အတိုင်း အခွင့်အရေးမပေးလျှင် အစွမ်းသတ္တိကို အမွေရခြင်းကြောင့် မဟုတ်ဘဲ ပင်ကိုစွမ်းအားရှင်ကိုသာ ကိုးကွယ်မည်ဟု ဆုံးဖြတ်ကြောင်း ငါတို့သိကြပြီးဖြစ်၏။ ဘုရားသခင်သည် မာရ်နတ်၏ဝါဒကို ငြင်းအပြီးတွင် မာရ်နတ်သည် သားတော်၏ဂုဏ်တော်ကို အသိအမှတ်မပြုနိုင်လျှင်လည်း ၎င်းသည် ခမည်းတော်အပေါ် ၎င်း၏အသက်ကြွေးရှိသေးသူပင် ဖြစ်၏။

မာရ်နတ်သည် ၎င်း၏ အစွမ်းအားလုံးကို ဘုရားသခင်မှ ရရှိကြောင်းဝန်ခံနေရသမျှ နိုင်ငံတစ်နိုင်တည်ထောင်နိုင်ရန် လမ်းမရှိပေ။ သို့နှင့် ၎င်းက **မုသားကြီး** ထွင်ခဲ့၏။ အယောက်စီတိုင်း၌ ဇီဝအသက် ရှိ၏ .... အကြောင်း။ ဤအကြောင်း ယုံနိုင်ဖွယ် အကြောင်းများစွာ ရှိ၏။ ၎င်းတို့မှာ သင်သည် မသေနိုင်သည့်ပုဂ္ဂိုလ်၊ မသေနိုင်သည့် အဖြစ်သည် ပုဂ္ဂိုလ်တိုင်း၌ ရှိ၏ ဟု သင်မှတ်လိုလျှင်ရ၏။ ဇီဝကို စွမ်းအင်တစ်ခုပမာ မှတ်ကာ လိုသလို သုံး၍ ရသည်ဟုလည်း သင်မှတ်လိုလျှင်လည်းရ၏ (သို့) ဘုရားက သင့်အား မသေနိုင်သည့်အဖြစ်ကိုပေး၍ သင်စိတ်ကြိုက် သုံးနိုင်ခွင့်ပေးခဲ့သည်ဟု မှတ်လိုက ရ၏။ သင့် ခန္ဓာအတွင်း၌ ဇီဝကိန်းသည်ဟု သင်မှတ်သ၍ မည်သည့်သဘော တရားကို သင်ကိုင်စွဲစွဲ ပြဿနာမဟုတ်။ ဤအချက်သည် စကြဝဠာတစ်ခွင်တွင် မဟာမုသားကြီးဖြစ်၏။ သခင်ယေရှုဘုရားက ....

> **ရှင်ယောဟန်ခရစ်ဝင် ၈း၄၄** - သင်တို့သည် သင်တို့၏အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့ အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေးဦးစွာမှစ၍ လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌ သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသာစကားကို ပြောသောအခါ မိမိပကတိအတိုင်း ပြော၏။ မုသာစကား၌ ကျင်လည်သော သူဖြစ်၏။

သားတော်ဘုရားအား ဗီလာသူအပေါင်းတို့ကို ဘုရားသခင်က အားချင်း အသက် နတ်ကာ မုသားကို ငြိမ်းသတ်နိုင်၏။ သို့ငြား သားတော်ကိုယ်တိုင် မချိမဆံ့ခံရစေကာမူ လူသားတို့အတွက် အသက်ကို ဆက်၍စီမံပေးခဲ့ပါသည်။ မုသား၏ အကျိုးတရားကို စကြဝဠာကြီးက မျက်မြင်တွေ့နိုင်ရန် သားတော်သည် မိမိအားအမှန့်ချေလိုကြသည့် ထိုနတ်ဆိုးများအား အသက်ထောက်ပေးရသေး၏။ မာရ်နတ်နှင့် ၄င်း၏အပေါင်းပါ နတ်ဆိုးများက သခင်ယေရှုအား ငြင်းဆန်ခဲ့ပြီးသည်ကြောင့် ၄င်းထံမှသာ စီးဆင်း လာသော နာခံလိုသည့်စိတ်သဘောတို့သည် ၄င်းတို့တွင် မကိန်းတော့ပါချေ။ သားတော်ဘုရား၏စရိုက်ကို ၄င်းတို့သည် စွန့်လွှတ်ခဲ့ကြငြား ဘုရားသခင်သည် မာရ်နတ်သဘောရှိအတိုင်း ၄င်း၏ သဘောတရားကို စကြဝဠာသို့ချပြရန်၊ မည်သူ၏ လမ်းစဉ်သည် သာ၍ကောင်းကြောင်း စကြဝဠာ တစ်ခုလုံးက သိမြင်ဆုံးဖြတ်နိုင်ရန် မာရ်နတ်အား အသက် ဆက်၍ပေးသေး၏။ ဆိုခဲ့သည့်အတိုင်း မာရ်နတ်သည် ဘုရားသခင်အား ဆန့်ကျင်ရန် ခွင့်ပြုရာ၌ တူသော အကျိုးပေးရှိ၏။ ယင်းကား အငြင်းခံရသူသည် စတေးခံရ၏ – သားတော်ဘုရား ... ။ စာတန်မာရ်နတ်သည် အစကနဦးကပင် အသက်သတ်သူဖြစ်၏။ ၎င်းက ဘုရားသခင်ကို ဆန့်ကျင်သည်တွင် သားတော်ကို သူသေစေခဲ့၏။ ဤသေခြင်းသည် မာရ်နတ်၏ စိတ်သဘောတွင် ဖြစ်တည်လျက်ရှိပြီး ထိုအဖြစ်ကို စကြဝဠာတစ်ခုလုံးက မြင်နိုင်ရန် အထုပ်ဖြည်ပြရန်လို၏။ ဤသတ္တကမ္ဘာ၌ ဤသို့အများမြင်ရန် ပြရခြင်းသည် ဘုရား အလိုတော် မဟုတ်ပါ။ သို့သော် ဤအဖြစ်တို့ ဤကမ္ဘာ၌ ဖြစ်ခဲ့၏။

## ၉။ အညှို့ခံလူသား

ရှေ့အခန်း၌ အလိုတော်၌ ပဓာနကျသည့် အစိတ်အပိုင်းများကို ငါတို့ရှုခဲ့ပြီး၏။ လူသားတို့သည် ဘုရားသခင်၏ အလိုတော်ကို လိုက်နာနိုင်ကျရန် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို သုံးခွင့်ပေးခဲ့၏။ လွတ်လပ်စွာရွေးချယ်ခွင့်မရှိလျှင် ကောင်းချီး (သို့) ခမည်းတော်ဘုရား၏ အလိုတော်ကို ဆောင်ခြင်းများ ရှိမည်မဟုတ်။ ခမည်းတော်ဘုရား၏ အလိုတော်ကို လိုက်လျှောက်ခြင်းက ကောင်းချီးရစေ၏။ သခင်ယေရှုဘုရား မိန့်ချက်ကို သတိပြုပါကုန်။

> **ရှင်ယောဟန်ခရစ်ဝင် ၈း၂၉** - ငါ့ကိုစေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကိုတစ်ကိုယ်တည်း နေစေခြင်းငှာ ခမည်းတော်သည် စွန့်ပစ်တော်မမူ။ အကြောင်းမူကား၊ နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ် ငါပြုသည်ဟု မိန့်တော်မူ၏။

သခင်ယေရှုသည် ၎င်း၏အလိုတော်ထက် ခမည်းတော်၏အလိုတော်ကို နာခံခြင်းကြောင့် အကျိုးကို လက်ငင်း ခံစားရ၏။ အလိုတွေ့ခြင်း၏ အကျိုးကောင်းချီးများစွာရှိသေး၏။ ဤအကြောင်း ငါတို့ရှုကွက်မဆင်းသေးပါ။ ခဏထားအုံ့။ ဘုရားသခင်သည် အာဒံ၊ ဧဝ တို့ကို ဖန်ဆင်းသည့်အခါ အဖွဲ့တွက္ကကို သုံးခွင့်ပေးရ၏။ ဘုရားသခင်ကို ငြင်းခွင့်မရှိလျှင် ၎င်း၏မျက်နှာရခြင်းအကျိုးကို ခံစားရမည် မဟုတ်ပါ။

သို့နှင့် ဘုရားသည် ၎င်းနှင့်သဘောတွေ့စေနိုင်မည့် အခွင့်အလမ်းကို ကောင်းမကောင်း သိကျွမ်းရာအပင် ထားရှိခြင်းဖြင့်လမ်းခင်းပေး၏။

> **ကမ္ဘာဦးကျမ်း ၂း၁၆၊ ၁၇** - ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာ အပင်မှတစ်ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏ အသီးကို သင်သည်စားရသောအခွင့်ရှိ၏။ ထိုအပင်၏

အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အမှန်သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။

အာဒံ၊ ဧဝတို့သည် ထိုအပင်ထူး၏အသီးတို့ကို မစားသုံးရန် နေ့စဉ်ဆုံးဖြတ်ခြင်းဖြင့် ဘုရား၏ အလိုတော်ကို လိုက်လျှောက်သည့် အကျိုးကို ခံစားရ၏။ ထိုအပင်မရှိလျှင် ဤကောင်းချီးမျိုးကို သူတို့ခံစားရမည်မဟုတ်။

မာရ်နတ်သည် ကောင်းကင်နိုင်ငံတော်မှအနင်ခံရခြား ဤကမ္ဘာ၌ ဘုရားကိုငြင်းနိုင်၊ ရွေးနိုင်မည့် အရပ်သို့ မာရ်နတ်အား ဝင်ထွက်ခွင့်ပေးထား၏။ ထိုကြောင့်ပင် မာရ်နတ်သည် မြွေအသွင်ယူကာ ကောင်းမကောင်းသိကျွမ်းရာအပင်၌ တွယ်နေ၏။ ဤမြွေကြီးသည် မာရ်နတ်ဖြစ်ကြောင်းကို ဗျာဒိတ်ကျမ်းအားဖြင့် ငါတို့သိ ရ၏။

**ဗျာဒိတ်အနာဂတ္တိကျမ်း ၁၂း၉** - ဤလောက တစ်နိုင်ငံလုံးကိုလည်း လှည့်ဖြား၍ မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်း တည်းဟူသော နဂါးကြီးကိုင်း၊ သူနှင့်အတူ သူ၏တမန်တို့ကိုငင်း၊ မြေကြီးသို့ ချလိုက်ကြ၏။

မာရ်နတ်သည် အာဒံ၊ ဧဝတို့ကို ၎င်း၏နိုင်ငံတော်သို့ သိမ်းသွင်းစဉ် ဘုရားသခင်ကို မမှီခိုရဘဲနှင့် ငါတို့သည် အသက်ကို မည်သို့ရရှိနိုင်ကြောင်းကို ချပြသည့်အခါ မာရ်နတ်သည် အသက်ကို မည်သို့ သဘောထားကြောင်းကို ငါတို့ ဆင်ခြင်နိုင်၏။ မာရ်နတ်က မည်သို့ဆိုခဲ့သည်ကို ရှုပါလော့။

**ကမ္ဘာဦးကျမ်း ၃း၁-၅** - မြွေသည် ထာဝရအရှင် ဘုရားသခင် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တကာတို့ထက် လိမ္မာသည်ဖြစ်၍၊ မိန်းမအား၊ သင်တို့သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏ အသီးကို မစားရဟု ကေန်စင်စစ် ဘုရားသခင် မိန့်တော်မူသလောဟုမေး၏။ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏ အသီးကို စားရသော

အခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသောအပင်၏ အသီးကိုကား၊ သင်တို့သည် မကိုင်မစားဘဲနေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော် ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း၊ သင်တို့သည်ကေန်အမှန် သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်း မကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့သည်ကို၊ ဘုရား သခင်သိတော်မူသည်ဟု မိန်းမအား ဆို၏။

ဘုရားသခင်၏ အလိုတော်ကိုငြင်းဆန်ခြင်းက အမင်္ဂလာထက် ကောင်းချီးမင်္ဂလာ ကို သာ ရရှိစေမည်ဟု မာရ်နတ်က ဆွယ်ခဲ့၏။ သူတို့၏ မျက်စိများပွင့်ကာ ကောင်းမ ကောင်းကို သိရကြမည်ဖြစ်ပြီး ဘုရားပမာဖြစ်မည်ဟု မာရ်နတ်ဆွယ်၏။ သူတို့ သေရ မည်မဟုတ်ဟု မာရ်နတ်က ဆို၏။ ဘုရားသခင်ကို မမှီခိုရဘဲ ဆက်၍ အသက် ရှင်နိုင်မည်ဟု သင်ပေး၏။ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်တို့ကို ယုံစား၍ရ၏ဟုဆို၏။

ဧဝသည် မြွေကြီး၏ အကြံပြုချက်ကိုယုံ၍ အာဒံကိုလည်း ဘုရားသခင်ကို မယုံဘဲ မြွေ၏ မုသာကို ယုံရန် ဖျောင်းဖျခြင်းသည် ရင်နာဖွယ်တည်း။ ၎င်းတို့သည် မုသား ကိုယုံ၍ အသီးစားပြီးသည့်အခါ ဘုရားသခင်ကို၎င်း၊ ၎င်းတို့ကိုယ်ကို၎င်း၊ စကြဝဠာ ကြီးသည် မည်သို့လည်ပတ်သည် စသည့်အမြင်တို့ လုံးလုံးပြောင်းတော့၏။

အာဒံ၊ ဧဝတို့သည် မုသားကို လက်ခံခြင်းဖြင့် အရာခပ်သိမ်းတို့သည် ဖခမည်းတော် ကြောင့် ဖြစ်တည်လာ၏ ဟူသောအဆိုကို သူတို့ပယ်ခဲ့ကြ၏။ မိမိတို့၏ ပီတိ ချမ်းသာသည် ဘုရားသခင်အပေါ်မူတည်ကြောင်းကို သူတို့ ငြင်းပယ်ခဲ့ကြ၏။ ဘုရား သခင်၏ ပညတ်မူကို ငြင်းပယ်ခြင်းဖြင့် သားတော်ဘုရား၏ သီလထူးဖြစ်သည့် နာခံခြင်း၊ အပ်နှံခြင်းတို့ကို ချေဖျက်၏။ အာဒံ၊ ဧဝတို့၏ ဘုရားသခင်းထံသို့ မပုံအပ် တော့ခြင်းက ၎င်းနှင့် သားတော်၏ဂုဏ်တော်တို့ကို တိုက်ရိုက်ထိုးနက်ခြင်း ဖြစ်ကြောင်း အာဒံ၊ ဧဝတို့အား ပြရန်လို၏။ သားတော်၏မူလစိတ်ဖြစ်သော အလိုတော်အတိုင်း

အပ်နှံခြင်းကို ငြင်းဆန်ခြင်းအားဖြင့် အာဒံ၊ ဧဝတို့သည် မနောဖြင့် သားတော်ဘုရားအား ကွပ်မျက်ခဲ့ကြ၏။ ဤအချက်သည်နားလည်ရန် အရေးပါဆုံး အချက်ထူးဖြစ်၏။ ဘုရားသခင်ကို ငြင်းဆန်ခြင်းသည် နာခံတတ်သည့် သားတော်၏ စိတ်သဘောကို သတ်ခြင်းဖြစ်၏။ ထို့ကြောင့်ပင် သခင်ယေရှုဘုရားက လူစီဖာသည် ကနဦးကပင် အသက်သတ်သမားဟု ဆိုရခြင်းဖြစ်၏။

> **ရှင်ယောဟန်ခရစ်ဝင် ၈း၄၄** - သင်တို့သည် သင်တို့၏အဘ တည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည်ရှေးဦးစွာ မှစ၍ လူအသက်ကို သတ် သောသူ ဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည် မနေ သူသည်မုသာစကားကို ပြောသောအခါ မိမိပကတိအတိုင်း ပြော၏။ မုသာစကား၌ ကျင်လည်သော သူဖြစ်၏။

သားတော်ဘုရားကို ငြင်းဆန်ပုန်ကန်ကြသော နတ်ဆိုးများတို့သည် ထာဝရဘုရား ကို စိတ်ဖြင့်အသေသတ်ခဲ့+ကြ၏။ မုန်းတီးခြင်းသည် သူ့အသက်သတ်ခြင်းအပြစ် ကျူးလွန်ခြင်း ဖြစ်၏ဟု သမ္မာကျမ်းဂန်၌လာ၏။

> **ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃း၁၅** - မိမိညီအစ်ကိုကို မုန်း သောသူ မည်သည်ကား၊ လူအသက်ကို သတ်သောသူ ဖြစ်၏။ လူအ သက် ကို သတ်သောသူ တစ်စုံတစ်ယောက်၌မျှ ထာဝရအသက်မ တည် သည်ကို သင်တို့ သိကြ၏။

သားတော်ဘုရား၏ စွန့်လွှတ်ဆက်ကပ်မှုကို ကမ္ဘာကြီးမဖန်ဆင်းမီကပင် မြင်နှင့်ပြီးသား ဖြစ်၏။ စကြဝဠာရှိ လူသားအပေါင်း နားလည်နိုင်ရန် တစ်ခုတည်းသော နည်းကား ပုန်ကန်ခြားနားကြကုန်သော နတ်ဆိုးတို့၏စိတ်သဘော၌ ဘာရှိသည်ကို ချပြရန်သာ ရှိ၏။

**ရှင်ပေတရုဩဝါဒစာပထမစောင် ၁း၁၉၊ ၂၀** - အဘယ်အပြစ်မျှ မရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့။ ထို ခရစ်တော်ကား၊ ဤကမ္ဘာမတည်မရှိမှီ ခန့်ထားတော်မူခြင်းကို ခံနှင့်သည် ဖြစ်၍၊ ကိုယ်တော်အားဖြင့် ဘုရားသခင်ကို ယုံကြည်သော သင်တို့အဖို့၊ ဤ နောက်ဆုံးသော ကာလ၌ ထင်ရှားတော်မူပြီ။

ဘုရားသခင်သည် မာရ်နတ်၏ပုန်ကန်ထကြွမှုကြောင့် အလုပ်မပျက်ပါ။ ဘုရားသည် စီစဉ်နှင့်ပြီး ဖြစ်၏။ ခမည်းတော်နှင့် သားတော်တို့သည် ကယ်တင်ခြင်း စီမံကိန်းကို ပဋိညာဉ်ပြုပြီးသားဖြစ်ပြီး မာရ်နတ်၏ ပုန်ကန်မှုကြောင့် ထိုစီမံကိန်းကို အကောင်အ ထည်ဖေါ်ခဲ့ရ၏။ မာရ်နတ်က "ကောင်းကင်ပေါ်သို့ ငါတက်မည် …အမြင့်ဆုံးသော ဘုရား ကဲ့သို့ ငါနေမည်" ဟု ဆိုရာတွင် သားတော်အတွက် နေရာမရှိ။ သားတော် အား ဖျက်ရန် သူကြံ၏။

မာရ်နတ်သည် ထိုမျိုးစေ့ကို လူသားတို့ထံ ချခဲ့ကာ သားတော်သည် ၎င်းတို့အတွက် စတေးခံရမည်ဖြစ်၏။ လူသားတို့သည် ၎င်းတို့၏ မနောကံဖြင့် အလိုတော်ကို နာခံ သော သားတော်ဘုရားကို သတ်ကြောင်းကို သခင်ခရစ်တော်သည် ဤလောကသို့ လာ၍ ပြမည်ဖြစ်၏။ ထိုအကြောင်းကို လူသားတိုင်းတွေ့မြင်ရန် လိုအပ်၏။ သခင်ခရစ်တော်ကို လက်ဝါးကားတိုင်၌ ချိတ်ဆွဲသောအခါ မာရ်နတ်၏အကြံကို ငါတို့ မြင်ရ၏။ ဤဖြစ်စဉ်ကို ကြိုပြသည့်အနေဖြင့် မောရှေထံ မြွေရုပ်သွန်း၍ သစ်တိုင်ပေါ် ချိတ်စေ၏။ လက်ဝါးကားတိုင် ချိတ်ဆွဲအသေခံရခြင်းသည် မာရ်နတ်၏ စနက်ဖြစ်၏။ သခင်ခရစ်တော်အပေါ်ထားရှိသည့် မိမိ၏ သူ့အသက်သတ်ခြင်းစိတ်သဘောကို မာရ်နတ် သည် မဖုံးနိုင်တော့ပါ။

အာဒံ၊ ဧဝတို့သည် ခရစ်တော်ဘုရား၏ နာခံတတ်သည့် စိတ်သဘော ငြင်းဆန်ပြီး အပြစ်လုပ်သောအခါ ၎င်းတို့လည်း မာရ်နတ်နှင့်အတူပေါင်း၍ သူ့အသက်သတ်ခြင်း

အပြစ်ကို ကျူးလွန်ကြ၏။ ခရစ်တော်သည် အာဒံ၊ ဧဝတို့၏ မနောကံတွင် အသေသတ်ခြင်းခံရ၏။

> **ဗျာဒိတ်ကျမ်း ၁၃း၈** - ကမ္ဘာဦးကပင် ကွပ်မျက်သောသိုးသငယ်၏ အသက်စာစောင်၌ စာရင်းမဝင်သော မြေကြီးသားအပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။

> **ဟေဗြဲဩဝါဒစာ ၆း၆** - ရွေ့လျော့ဖေါက်ပြန်သော သူတို့သည်၊ မိမိတို့တွင် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍ အသရေတော်ကို ရှုတ်ချသောသူ ဖြစ်သောကြောင့်၊ နောက်တစ်ဖန် နောင်တရအံ့သောငှာ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြ။

သားတော်ဘုရားအပေါ် အသေသတ်ခြင်းအပြစ် ကျူးလွန်ကြပုံကို ဥပမာဖြင့် အာဒံ၊ ဧဝတို့ အပေါ် ဤသို့ပြခဲ့၏။

> **ကမ္ဘာဦးကျမ်း ၃း၂၁** - ထာဝရအရှင်ဘုရားသခင်သည်လည်း၊ လူလင်မယားဖို့ သားရေဖြင့် ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏။

သားရေသည် တိရစ္ဆာန်မှသာရနိုင်၏။ အာဒံ၊ ဧဝတို့ အဝတ်ရနိုင်ရန် တိရစ္ဆာန်များက သေစားသေစေ ခံကြရ၏။ အာဒံ၊ ဧဝတို့သည် အပြစ်မပြုလုပ်မီတိုင်အောင် အဝတ်ဝတ်ရန် မလိုကြပေ။ ၎င်းတို့သည် ဘုရားသခင်၏ ဘုန်းရောင်တော်ကို ခြုံကြ၏။ သို့သော် ဘုရားသခင်ကိုငြင်းဆန်အပြီး ထိုဘုန်းရောင် ပျောက်တော့၏။ သိုးသငယ်ကို သတ်ရခြင်းသည် ၎င်းတို့၏ ကျူးလွန်မှုအတွက် ဘုရားက ၎င်း၏သားတော်ကို စတေး ခံစေမည်ကို နိမိတ်ပြခြင်းဖြစ်၏။ ဘုရားသခင်အား ငြင်းဆန်ခြင်းသည် ကံကြီးထိုက်ကြောင်း၊ ကျိန်စာသင့်ကြောင်း မြင်နိုင်ကြစေရန်ဖြစ်၏။ အပြစ်သည် နာခံခြင်း၏ပုံရိပ်ဖြစ်သော သားတော်ဘုရားကို သေစားသေစေ၏။

**ကမ္ဘာဦးကျမ်း ၃း၁၅** - သင်နှင့် မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည်သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁း၂၉** - နက်ဖြန်နေ့၌ ယေရှုကြွလာတော်သည်ကို ယောဟန်သည်မြင်လျှင်၊ ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့။

သားတော်သည် မိမိ၏ဘုန်းစည်းစိမ်အပေါင်းကိုစွန့်ပြီး မတန်သည့်အောက်ခြေအထိသို့ ဆင်းနိုင်ခဲ့ခြင်းသည် ဆန်းလှ၏။ ၄င်းက စကြဝဠာရှေ့၌ ပုန်ကန်ခြားနားခြင်း၏ အကျိုးတရားကို ပြလို၏။ ခမည်းတော်၏ အချစ်ဆုံးသောသားတော်ကို သေစားသေစေ ခံစေကြောင်းတို့ကို လာ၍ပြလို၏။ သားတော်ဘုရားသည် ပုန်ကန်ခြားနားခြင်း၏ အနိဋ္ဌာရုံကို အလိုတော်ကို နာခံခြင်းဖြင့် တုန့်ပြန်၏ (ရန်ကို မေတ္တာဖြင့် တုန့်နှင်းသည့်ပမာ)။ ထိုပြသခြင်းသည် တန်ခိုးစွမ်းရကား ဒုက္ခအတိပြီးသော စကြဝဠာသည် မြေလှန်သကဲ့သို့ဖြစ်မည်။ ထို့ပြင်လည်း သားတော်ဘုရားသည် မည်မျှတန်ဖိုးကြီးလှကြောင်းနှင့် ငါတို့သည် သားတော်ဘုရားက ခမည်းတော်ဘုရားနှင့် ၎င်း၏ပညတ်များကို နာခံပုံကို အတုယူပါရန် စံနမူနာပြ၏။

## ၁၀။ အကျဉ်းချုပ်ခြင်း

ဘုရားသခင်သည် ရှေးအစကတည်းကပင် မိမိကိုယ်ကို မည်သို့ထင်ပြကြောင်းကို ငါတို့သည် သမ္မာကျမ်းစာမှ စူးစမ်းပြီးဖြစ်၏။ အောက်ဖော်ပြပါတို့ကို ငါတို့တွေ့ခဲ့ရ၏။

၁။ အဘဟုခေါ်ရသည့် မှန်သောဘုရားသခင် တစ်ပါးတည်းရှိ၏။ ယောဟန် ၁၇း၃၊ ၁ကော ၈း၆၊ ၁တိ ၁း၁၇။

၂။ ဘုရားသခင်သည် အသက်နှင့်သုခချမ်းသာခပ်သိမ်း၏ ရင်းမြစ်ဖြစ်၏။ ယာကုပ် ၁း၁၇။

၃။ ဘုရားသခင်သည် သားတော်ကို ချီးမြှောက်ပြီး တန်ခိုးတော်၊ အာဏာတော်တို့ကို ပေးကာ ၎င်းနှင့်တန်းတူထား၏။ ဟေဗြဲ ၁း၁-၅၊ သုတ္တံ ၈း၁၂-၃၀၊ ဖိလိပ္ပိ ၂း၆၊ ယောဟန် ၅း၂၆၊ ၈း၄၂၊ ကောလောသဲ ၂း၉။

၄။ သားတော်ဘုရားသည် ဘုရားနိုင်ငံတော်သို့ ဝင်စားနိုင်မည့်အချုပ်အခြာ ဖြစ်၏။ နာခံခြင်း၊ အပ်နှံခြင်း၊ ကောင်းချီးစသည်တို့ကို သားတော် ပိုင်ဆိုင်၏။ မဿဲ ၃း၁၇၊ ဆာလံ ၄၀း၈၊ ယောဟန် ၈း၂၉။

၅။ ခမည်းတော်၏ ပညတ်တော်တို့ကို စောင့်လိုသော သူအပေါင်းထံသို့ သားတော်၏ မေတ္တာစာတ် စီးဝင်၏။ ဗျာဒိတ် ၂၂း၁၊ ၂၊ ယောဟန် ၇း၃၇၊ ၃၈၊ ရောမ ၈း၉၊ ၁၀။

၆။ ဖန်ဆင်းခံ သားဦးလူစီဖာသည် သားတော်ဘုရားကို ဘုရား၏သားဖြစ်ရခြင်း အမှတ်အသားနှင့် ၎င်းကိုကိုးကွယ်ရမည်ဟူသည့် ဘုရားသခင်၏ ပညတ်ကို ငြင်းဆန်ခဲ့၏။ ယောဟန် ၅း၂၂၊ ဖိလိပ္ပိ ၂း၆၊ ဗျာဒိတ် ၁၂း၇-၉၊ ဟေဗြဲ ၁း၆။

၇။ လူစီဖာသည် မာရ်နတ်ဖြစ်လာပြီး ငါတို့ခန္ဓာတွင်း၌ ဇီဝအသက်ရှိသောကြောင့် ဘုရားသခင့် လက်အောက်ခံဖြစ်ရန်မလိုဟူသည့် ဝါဒအသစ်ဖြင့် ကောင်းကင်သား သုံးပုံတစ်ပုံကို သိမ်းသွင်းနိုင်ခဲ့၏။ ဗျာဒိတ် ၁၂း၄၊ ကမ္ဘာ ၃း၄၊ ၅။

၈။ ဘုရား၏ ပညတ်တော်တို့ကို မလိုက်လျှောက်ခြင်းသည် ကိုးစားခြင်း၊ ပုံအပ်ခြင်းတို့၏ပုံရိပ်ဖြစ်သော သားတော်ဘုရားကို သတ်ခြင်းနှင့် ညီ၏။ ယောဟန် ၈း၄၄၊ ဗျာဒိတ် ၁၃း၈၊ ၁ယော ၃း၁၅။

၉။ သားတော်ကို ငါတို့အတွက်သေစားသေစေရန် စေလွှတ်ခြင်းဖြင့် ခမည်းတော်၏ အလိုတော်ကို မလိုက်ခြင်းသည် သားတော်ကို မည်သို့ထိခိုက်ကြောင်းကို စကြဝဠာသို့ပြရန် သားတော်သည် ခမည်းတော်၏ အလိုတော်ကို နာခံ၏။ ကမ္ဘာ ၃း၁၅၊ ဟေဗြဲ ၆း၆။

ယခုတွင် ငါတို့သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားတို့ မည်သို့ရပ်တည်ကြကြောင်းကို ကျမ်းဖြင့်လေ့လာပြီးကြပြီ။ မာရ်နတ်၏ မုသာဖြစ်သော အသက်သည် မည်သည်မှလာကြောင်း၊ ၎င်း၏ငြင်းဆန်မှုအကြောင်း တို့ကိုလည်း နီးနေခဲ့ပြီးကြပြီ။ ယခုတွင်အုပ်ချုပ်မှုစနစ်နှစ်မျိုး ဤကမ္ဘာ၌ မည်သို့ စတင်လာပုံကို မြေလှန်ရှာကြအံ့။

## ၁၁။ လမ်းစဉ်နှစ်ရပ်

ပြီးခဲ့သည့် အခန်းများ၌ ဘုရားသခင်နှင့် မာရ်နတ်တို့အကြား မတူကွဲပြားကြသည့် သဘောတရားများကို ငါတို့လေ့လာပြီးခဲ့ကြ၏။

- ဘုရား၏နိုင်ငံတော်သည် ကြည်ညိုဖွယ်သော ဆက်ဆံရေးကိုထင်ဟပ်၏။ မာရ်နတ်၏ နိုင်ငံတော်သည် အာဏာကို လက်ဝါးကြီးအုပ်ရန်သာ ရည်ရွယ်၏။
- ဘုရား၏နိုင်ငံတော်သည် အပ်နှံ၊ ကိုးစား၊ နာခံခြင်း၏အကျိုးဖြင့် ရပ်တည်ကာ၊ မာရ်နတ်၏နိုင်ငံတော်သည် ဘုရား၏အာဏာတော်ကို ဖီလာဆန့်ကျင်ခြင်း၏ အကျိုးတရားဖြင့်ရပ်တည်၏။
- ဘုရား၏နိုင်ငံတော်တွင် တစ်ဦးနှင့်တစ်ဦးသဟာယဖြင့် ပခုံးညီကြကာ မာရ်နတ်၏ နိုင်ငံတွင်ကား စွမ်းရည်၊ အလှ၊ အာဏာတို့ဖြင့် ပခုံးချင်းပြိုင်ကြ၏။
- ဘုရားသခင်၏နိုင်ငံတော်သည် မိသားစုသဏ္ဍာန်ဖြင့် အုပ်ချုပ်၊ မေတ္တာဖြင့် သွယ်ရစ်ကာ မာရ်နတ်၏နိုင်ငံကား အာဏာအဆင့်ဆင့်ဖြင့် အုပ်ချုပ်ကာ အုပ်ချုပ်ခံများသည် အစေ့မှုဖြင့် အုပ်ချုပ်ခံရ၏။
- ဘုရား၏နိုင်ငံတွင် ပုဂ္ဂိုလ်တစ်ဦး၏တန်ဖိုးကို စာရိတ္တ၊ ကျွမ်းဝင်မှုတို့ဖြင့် ဖြတ်ကာ မာရ်နတ်၏နိုင်ငံတွင်ကား ရာထူးဖြင့်ဖြတ်၏။

ထိုထို မတူကွဲပြားခြင်းများကို သမ္မာကျမ်း၌ ဤသို့သွန်သင်ထား၏။

> **ယေရမိအနာဂတ္တိကျမ်း ၉း၂၃၊ ၂၄** - ထာဝရဘုရား မိန့်တော်မူသည်ကား၊ ပညာရှိသောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်။ ခွန်အားကြီးသော သူသည် မိမိခွန်အား၌ မဝါကြွားစေနှင့်။ ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။ ဝါကြွားသောသူမည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြုသော ထာဝရဘုရားဖြစ်ကြောင်းတည်းဟူသော၊ ငါ့သဘောကို သိ

> နားလည်ခြင်း၌သာ ဝါကြွားစေ၊ ငါသည် ထိုအရာတို့၌ မွေ့လျော်သည် ဟု ထာဝရဘုရား မိန့်တော်မူ၏။

သမိုင်းကို ပြန်ပြောင်းလေ့လာလျှင် ဘုရားအကြောင်းနှင့်ပတ်သက်လျှင် လူတို့၏ အမြင်ကွဲကြပုံကို တွေ့ရမည် ဖြစ်၏။ ရံတစ်ခါလည်း မာရ်နတ်၏နိုင်ငံတော်သည် တန်ခိုးအာဏာရနိုင်ရန် ဆက်ဆံရေးကိုသုံးသည့်အခါလည်း ရှိကြောင်း မည်သည်က အဓိကဖြစ်ကြောင်းကို ခွဲခြားရန်ခက်မည်။ ထိုသည့်တိုင် အရင်းခံကား အာဏာကို အခြေခံသောဝါဒသာ ဖြစ်၏။

မာရ်နတ်သည် ဧဝအား မိုင်းတိုက်သကဲ့သို ငါတို့ခန္ဓာအတွင်း၌ ဇီဝအသက်ရှိသည်ဟု ယုံခြင်းသည် ငါတို့ကိုယ်ကို ဘုရားဟုမှတ်စေ၏။ ဤမှတ်ယူချက်ကြောင့် လူသားများ စွာတို့၏ ဘုရားသခင်ကို မှတ်ကြပုံတို့သည် ပုထုဇဉ်တို့၏ အကန့်အသတ်ရှိဝိသေသ၊ အစွမ်း အစဖြင့် ထိုးပြခြင်းသာဖြစ်၏။ ထိုလက္ခဏာရပ်တို့သည် ဂရိခေါ်မဒဏ္ဍာရီလာ Zeus ဘုရားတကာတို့၏အရှင်၊ Aphrodite အချစ်နှင့် အလှအပတို့၏ ဘုရားမ၊ Apollo တေးဂီတ၊ ဆေးဖက်၊ ကျန်းမာရေးဘုရား၊ Ares စစ်မက်ဘုရား အကြောင်း များ၌ ရှင်းစွာတွေ့ရ၏။ ဘုရားထိုထိုများသည် ပုထုဇဉ်တို့၏ဝိသေသများကို ဘုရားပြုခြင်း သာဖြစ်ပြီး မိမိကိုယ်မိမိ ကိုးကွယ်ခြင်း၊ ဘုရားပြုခြင်းမှီ၏။ ထိုထိုများသည် ဒေင်ဥယျာဉ် တော်၌ မာရ်နတ်က ဧဝထံပေးခဲ့သော မက်လုံးများဖြစ်၏။

သမ္မာကျမ်းစာပါ အထင်ကရပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် အာဗြဟံနှင့် နိမ်ရောဒတို့ နှစ်ဦးဖြင့် လူ့သမိုင်းကို ငါ အရင်းတည် နီးနှောလို၏။

## ၁၂။ ဗာဗုလုန်၏ အခြေခံအုတ်မြစ်များ

အာပြဟံနှင့်နိမ်ရောဒအကြောင်း ယခုမသုံးသပ်မီ ထိုသို့ဦးတည်းစေသည့် သမိုင်း နောက်ခံကို ဦးစွာရှုကြအံ့။

မာရ်နတ်၏ မုသားကို လက်ကိုင်ခြင်း၏အကျိုးဦးကား အကြောက်တရားဖြစ်၏။

> **ကမ္ဘာဦးကျမ်း ၃း၉၊ ၁၀** - ထာဝရအရှင် ဘုရားသခင်ကလည်း၊ သင် သည် အဘယ်မှာရှိသနည်းဟု၊ လူကို ခေါ်တော်မူ၏။ လူကလည်း၊ ဥယျာဉ် ၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင်၊ အဝတ် အချည်းစည်း ရှိသောကြောင့်၊ ကြောက်၍ပုန်းလျက် နေပါသည်ဟု လျှောက်လေ၏။

အာဒံသည် ထိုမုသာကို လက်ခံသည်မှစကာ ၎င်း၏ခန္ဓာတွင်း၌ အသက်ရှိသည် ဟု ယုံတော့၏။ ပြဿနာကား ၎င်းသည်ဘာမျှမဟုတ်ကြောင်းနှင့် ဘုရားသခင်သည် ၎င်းထင်ထားသည်ထက် သာ၍ကြီးမြတ်သော အသက်ရင်းမြစ် ဖြစ်တော်မူကြောင်း နောက်ကျမှ အသိကပ်ခြင်းဖြစ်၏။ ဤအကြောင်းက အကြောက်တရားကို ဖြစ်ပေါ်စေ ၏။ မိမိကိုယ်တွင်း၌ အသက်ရှိသည်ဟု အာဒံ မယုံစားမီခင်အချိန်နှင့် ဘုရားသခင်အား အလုံးစုံဖြည့်ဆည်းပေးသည့် မေတ္တာရှင်အဖအဖြစ် ကိုးစားနေခဲ့ချိန်များတွင် သူ၌ ကြောက်ရွံ့ခြင်းများ အလျင်းမရှိခဲ့ပါချေ။ မုသား၏ ပထမအကျိုးပေးကား **အကြောက်တရား** ဖြစ်၏။

ထို့နောက်၌ မာန်မာနလိုက်လာ၏။ အာဒံသည် အစစ်ခံရသည့်အခါ မှားသည်ဟု ဝန်မခံနိုင်ဖြစ်ခဲ့၏။ ၎င်း၏မာနစိတ်က ၎င်းကိုခွင့်မပြု။

> **ကမ္ဘာဦးကျမ်း ၃း၁၁၊ ၁၂** - ဘုရားသခင်ကလည်း၊ သင်၌ အဝတ် အချည်းစည်းရှိသည်ကို သင့်အားအဘယ်သူ ပြောသနည်း။ မစားရဟု ငါပညတ်သော အပင်၏အသီးကို စားပြီလောဟုမေးတော်မူ၏။

လူကလည်း၊ ကျွန်တော်၌ အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကို ပေး၍ ကျွန်တော်စားမိပါသည်ဟုလျှောက်လေ၏။

အာဒံသည် ၎င်း၏ဇနီးအပေါ် အပြစ်ပုံချ၏။ ဘုရား၏ဇယားတွင် မိမိသည် အိမ်၏ ဦးသျှောင်ဖြစ်ကြောင်းကို သူမှတ်မိသင့်၏။ အိမ်တွင်းအမှုအားလုံးသည် အာဒံ့ခေါင်းပေါ် ကျ၏။ ၎င်း၏ဇနီးအပေါ် အပြစ်ပုံချခြင်းသည် ၎င်း၏လုပ်ရပ်ကို ကြိုးကိုင်သော အစွမ်း သတ္တိသည် ဇနီးသည်၏ ခန္ဓာတွင်း၌ကိန်းသည်ကို ယုံကြောင်း ပြခြင်းဖြစ်ပြီး ထို့ကြောင့် လည်း ၎င်း၌တာဝန်မရှိဘဲ ဇနီးသည်ကို အပြစ်ပုံချနိုင်သည်ဟု မှတ်၏။ ဧဝသည် အာဒံကို ဖြားယောင်းခဲ့၏။ သို့ငြား အာဒံသည် မိမိ၏ လွတ်လပ်စွာသောရွေးချယ်ခွင့် အားဖြင့် ဆုံးဖြတ်ပြုမူခဲ့၏။ သို့ဖြစ်၍ တာဝန်ယူရမည်။ သို့သော် မယူလို။ မှသား၏ ဒုတိယအကျိုးပေးကား **မာန်မာန** ဖြစ်၏။

ထိုအကျိုးနှစ်ခုက ဗာဗုလုန်နိုင်ငံကို ဖြစ်တည်စေ၏။ များစွာသော စက်ဆုပ်ဖွယ် အကျိုးများ ဝင်ရန်ရှိသေး၏။ အာဒံနှင့် ဧဝတို့ မိမိတို့၏အမှားကို အာဒံနှင့် ဧဝတို့ ဝန်ခံခဲ့၏။ သို့သော် ပုန်ကန်ခြင်းမျိုးစေ့သည် သူတို့တွင် ဆက်လက်ကိန်းအောင်းနေခဲ့ပြီး ထိုမျိုးစေ့ကို ၎င်းတို့၏ မျိုးဆက် ကာဣနနှင့် အာဗေလတို့သို့လည်း လက်ဆင့်ကမ်းပေး၏။ အာဗေလသည် သခင်ခရစ်တော်၏ နာခံတတ်သည့်စိတ်နောက်သို့ လိုက်ကာ ဘုရားသခင်က လူသားများ အတွက် ပြုပြင်စီမံပေးသော လမ်းစဉ်နောက်သို့ နှိမ့်ချစွာလိုက်ခဲ့၏။ ကာဣနကား ဘုရားသခင်ကို အသိအမှတ်ပြုငြား ဘုရား၏ အကြံအစည်တော်ကို လိုက်ရန်ငြင်း၏။ မှသား၏ တတိယအကျိုးပေးကား **ငြင်းဆန်ခြင်း** ဖြစ်၏။ ကာဣနသည် မိမိသဘောအတိုင်း ဝတ်ပြုခြင်းကိုပြုလျက် သိုးသငယ်ဖြင့် ယဇ်ပူဇော်သည့် ဝတ်ပြုခြင်းအမှုကိုကို လျစ်လျူရှုခဲ့၏။ ဘုရားမိန့်ခဲ့သည့်အတိုင်း ဝတ်ပြုကိုးကွယ်ရန် အာဗေလသည် မိမိအစ်ကိုအား ဖျောင်းဖျခဲ့သော်လည်း ကာဣနသည် နားမထောင်။ ကာဣနသည် ဆက်၍ဆက်၍ငြင်းကာ နိဂုံး၌ မာရ်နတ်က ၎င်း၏ ညီကို

သတ်လိုသည်အထိ အာဃာတ ပွားစေ၏။ ဤ၌ **ဒေါသ၊ မုန်းခြင်း၊ သတ်ဖြတ်ခြင်း** စသည့် အကျိုးပေးများ တန်းစဉ်လိုက်လာ၏။ အာဗေလ အသတ်ခံရခြင်းသည် သခင်ခရစ်တော်အပေါ် မာရ်နတ်၏စိတ်သဘောကို ပြရာရောက်၏။ သခင်ခရစ်တော် အပေါ်ထားရှိသည့် မာရ်နတ်၏အတွင်းစိတ်ကို လမ်းလိုက်သည့် အာဗေလနှင့် လမ်းမလိုက် သည့် ကာဣနတို့၏အဖြစ်အပျက်က ပထမဆုံးပြသာဓကဖြစ်၏။

ငါတို့လေ့လာခဲ့ကြသည့်အတိုင်း ငြင်းဆန်တတ်သည့်စိတ်သဘောသည် ငါတို့အား ဘုရားသခင့် စိတ်တော်တွေ့ခြင်း၊ ကောင်းချီး ခံစားရခြင်းတို့မှ လွဲစေ၏။ ဘုရား ကောင်းချီးမရှိလျှင် ငါတို့သည်လိပ်ပြာမလုံ၊ တန်ဖိုးမဲ့ဖြစ်ကြတော့၏။ ကာဣနသည် မိဘတို့၏ဖျောင်းဖျခြင်း၊ ညီတော်တို့၏ နားချဖျောင်းဖျခြင်း၊ ဘုရားသခင်၏ ဖျောင်းဖျခြင်းကို ငြင်းဆန်ခဲ့၏။ ကာဣနသည် ငြင်းဆန်လေလေ အထီးကျန်လေလေ ဖြစ်၏။ ကာဣနအပေါ် ကျိန်ဆိုမှုပြုရာ၌ ဘုရားသခင်သည် ၎င်းအပေါ် ဝန်တင်ပေးခြင်း မဟုတ်ဘဲ ကြောက်ခြင်း၊ လိပ်ပြာမလုံခြင်း၊ နတ္ထိဖြစ်ခြင်းစသည်တို့သည် ငြင်းဆန်ခြင်း၏ အကျိုးပေးများဖြစ်ကြောင်း အစဆွဲပြခြင်းသာဖြစ်၏။ ကျိန်ခြင်းသည် ကာဣနလုပ်ရပ်၏ ကြောင်းကျိုး နိယာမတရားသာဖြစ်၏။ ဘုရားသခင်မှ အကျိုးဆက်များကို နှုတ်ဖြင့် မိန့်ပြခြင်းသာဖြစ်၏။

> **ကမ္ဘာဦးကျမ်း ၄း၁၁၊ ၁၂** - သို့ဖြစ်၍ သင့်ညီ၏ အသွေးကို ခံယူခြင်းငှာ၊ မိမိပါးစပ်ကိုဖွင့်သော မြေကြီး၏ကျိန်ခြင်းကို သင်သည် ခံရသောကြောင့်၊ ယခုမှစ၍မြေ၌လုပ်သောအခါ ပကတိအတိုင်းအသီးအနှံကိုမရ,ရ။ မြေကြီး ပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူ ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ၏။

ဝရမ်းပြေး၊ လူလေလူလွင့်ဟူသည့် ဝေါဟာရများက ခြေဦးတည့်ရာသွားခြင်း၊ ပြိုလဲခြင်း၊ မမြဲခြင်းများ ခံစားစေ၏။ ထပ်တိုးအကျိုးပေးများ စိတ်မလုံခြင်း၊ မမြဲခြင်း၊ လူ့အနွံဖြစ်ခြင်းများ ဖြစ်၏။

အာဒံ၊ ဝေတို့ သားအာဗေလကို ဆုံးရှုံးအပြီး၌ ဘုရားသခင်က ရှေသအမည်ရ သား တစ်ဦး ဆက်လက်ပေးသနားခဲ့၏။ ထိုသူသည်လည်း အာဒံ၊ အာဗေလတို့၏ လမ်း အတိုင်း တစ်ထေရာတည်း လိုက်ခဲ့၏။ သို့နှင့် အာဒံ၏ အိမ်တွင်းမှ လူမျိုးကြီး နှစ်မျိုး ဆင်းလာ၏။ ခမည်းတော်၏ ကောင်းချီးခံစားရသော ဘုရားသားသမီးများဟူ၍ ထင်ရှား လာသည့် ရှေသ၏မျိုးဆက်နှင့် လူသားသမီးများဟူ၍ အမှတ်သညာ အပြုခံရသည့် ကာဣန၏ မျိုးဆက်များဖြစ်ကြ၏။

ဘုရားသခင်က လူသားတို့သည် အိမ်ထောင်သဖွယ် ဆက်ဆံနေထိုင်ရန် စီရင်ခဲ့ သောကြောင့် ဤကမ္ဘာသို့ မွေးဖွားခြင်းကို ခံတော်မူသော သူငယ်တိုင်းတို့သည် ၎င်းတို့၏မိဘများကို လုံးလုံးလျားလျား မှီခိုကြရကြောင်းကို မာရ်နတ် သိတော်မူ၏။ ဤဖြစ်တည်မှုက ကလေးသူငယ်များကို ဘုရားသခင်အား မှီခိုရန်သွန်သင်ပေး၏။ မိသားစုတစ်စုတွင် အလိုတော်ကိုနာခံတတ်ရန် ဆုံးမပဲ့ပြင်ရမည့် ဆရာသမား သည် မိခင် ဖြစ်၏။ ဘုရား၏သားတော်များသည် လူသား၏သမီးတော်များကို ထိမ်းမြားစုံဖက်ရန် မာရ်နတ်က သွေးဆောင်ခဲ့၏။ ကာဣန၏ သမီးနွယ်တော်များသည် ဘိုးဘေးများ၏ ကြောက်စိတ်၊ မာန်မာန၊ ပုန်ကန်လိုစိတ်၊ ဒေါသ၊ အမုန်းစိတ်တို့ဖြင့် ဖြစ်တည်ကြ၏။ ၎င်းတို့၏ စိတ်ရင်းမကောင်းမှုများကို အပေါ်ယံအလှတို့ဖြင့် ဖို့ထား ကြ၏။ ဘုရား၏ သားတော်နွယ်တော်များကလည်း ထိုဓာတ်သွေးကို မမြင်ဘဲ ထိမ်းမြားစုံဖက်ခဲ့ကြ၏။ ထိုစုံဖက်ခြင်းက မကောင်းမှုကို တိုးပွားစေခဲ့၏။ သမ္မာ ကျမ်းစာက ၎င်းတို့ကို ကိုယ်ကြီးမားသောသူ (လူ့ဘီလူးများ)ဟု သမုတ်၏။ ကိလေ သာဘီလူး၊ အာဃာတဘီ လူးဟု ဆိုလိုရင်း ဖြစ်နိုင်၏။

> **ကမ္ဘာဦးကျမ်း ၆း၁-၅** - မြေကြီးမျက်နှာပေါ်မှာလူတို့သည် များပြား၍၊ သမီးများကိုလည်း ရကြသောအခါ၊ ဘုရားသခင်၏သားတို့သည် လူသမီး လှကြောင်းကို မြင်၍၊ ကိုယ်စိတ်ရှိသည်အတိုင်းစုံဖက်ကြ၏။ ထာဝရ ဘုရား ကလည်း၊ ငါ့ဝိညာဉ်သည် လူတို့တွင်အစဉ်မဆုံးမရ။ အကြောင်း မူကား၊ လူတို့သည် အသားဖြစ်၏။ သူ၏အသက်တမ်းသည်လည်း၊ အနှစ်

တစ်ရာနှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏။ ထိုကာလ၌ မြေကြီးပေါ်မှာ ကိုယ်ကြီးမားသောသူအချို့ ရှိကြ၏။ ထိုနောက်၌လည်း၊ ဘုရားသခင်၏ သားတို့သည်၊ လူသမီးတို့နှင့် ဆက်ဆံ၍ ရသောသားတို့သည်၊ အားကြီး သောသူ၊ ရှေးကာလမှစ၍ ကျော်စောသောသူဖြစ်ကြ၏။ မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏စိတ်နှလုံး အကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက် ရှိကြောင်းကို၊ ဘုရားသခင်သိမြင်တော်မူ၏။

မကြာမီအတွင်း ဘုရားသားတော်တို့၏စိတ်နှလုံးတွင် သခင်ယေရှု၏နာခံတတ် သည့်စိတ်သဘော ကွယ်ပျောက်ကာ အစဉ်ဆိုးညစ်၏။ ဘုရားသခင်လည်း သန့်ရှင်းသော ဝိညာဉ်တော်ကို ရုတ်သိမ်းလျက် ဆိုးသွမ်းမှုခပ်သိမ်းကို အမြစ် ဖြုတ်ရန် ရေလွှမ်းမိုးစေ၏။ ဘုရားသခင်သည် မိဘတို့၏ အပြစ်ကို တတိယ အဆက်၊ စတုတ္ထအဆက် တိုင်အောင် စီရင်ခဲ့၏။ ဘုရားသခင်သည် နောဧ၏ မိသားစုဖြင့် တစ်ဖန်ပြန်စခဲ့၏။ သို့သော် ဗာဗုလုန်နိုင်ငံ တည်ထောင်ရန် မာရ်နတ်သည် မကြာမီအတွင်း ဟာမအား သိမ်းသွင်းနိုင်ခဲ့၏။ ရေမလွှမ်းမိုးမီ ကာလများရှိ လူတို့၏ ဆိုးညစ်သည့် ဩဇာလွှမ်းမိုးမှုသည် ဟာမ၌ တည်ရှိခဲ့၏။ တစ်နေ့တွင် ဟာမသည် မိမိတို့၏ဖခင် ယစ်ရည်မူးကာ ငယ်ပါ ပေါ်သည်အထိ ကုလားသေကုလားမော အိပ်မောကျသည်ကိုမြင်လျှင် ဖခင်အား နှုတ်ဖြင့် ကျူးလွန်ကာ ၎င်း၏မျိုးဆက်များအပေါ် အဆုံးမဲ့သော အမင်္ဂလာများ၊ ရန်လိုမုန်းတီး၊ ပုန်ကန်၊ အုပ်စိုး မင်းမူလိုစိတ်၊ လိပ်ပြာမလုံစိတ် စသည့်အကျိုးများ ရစေ၏။

နိမ်ရောဒသည် ဟာမ၏မြေးဖြစ်၏။ ကျမ်းစာလာ ၎င်း၏အတ္ထုပ္ပတ္တိကား။ ။

**ကမ္ဘာဦးကျမ်း ၁၀း၈-၁၀** - ကုရှသည်သားနိမ်ရောဒကိုလည်း ရသေး၏။ ထိုသားသည် မြေကြီးပေါ်မှာ အဦးစွမ်းနိုင်သောသူဖြစ်၏။ ထာဝရဘုရား ရှေ့မှာ အားကြီးသောမုဆိုးဖြစ်၏။ ထိုကြောင့်စကားပုံ၌ကား၊ ဘုရား ရှေ့ နိမ်ရောဒ၊ အားကြီးမုဆိုး၊ ပြုလုပ်သည်လိုဟု စပ်ဆိုသတည်း။ သူ၏

နိုင်ငံ အဦးကား၊ ရှိနာပြည်၌ ဗာဗုလုန်မြို့၊ ဧရက်မြို့၊ အက္ကဒ်မြို့၊ ကာလနေမြို့တည်း။

"အားကြီးသော"ဟူသည့် ဝေါဟာရသည် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည့် မင်းဆိုးမင်းညစ် အဓိပ္ပာယ်ဆောင်၏။ နိမ်ရောဒတွင် အလိုတော်နာခံမည့် လက္ခဏာမျိုးတစ်စုံတစ်ရာမျှမရှိ။ နိမ်ရောဒသည် သမ္မာကျမ်းစာ၌ ဘုရင်ဘွဲ့ပထမဆုံးယူသူဟု တွေ့ရ၏။ ၎င်းက ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ကို ဥပေက္ခာပြုသည့်နိုင်ငံ ထူထောင်ခဲ့၏။ ၎င်း၏ နိုင်ငံအဦးကား ဗာဗုလုန်မြို့ဖြစ်၏။ ယခုတွင် ငါတို့သည် နိမ်ရောဒ၏ စာရိတ္တအုတ်မြစ်များကို ချပြ ခဲ့ပြီးဖြစ်၏။ သူထူထောင်ခဲ့သည့် ယုံကြည်ကိုးကွယ်မှုအကြောင်းကို ဆက်၍ စူးစမ်းကြအံ့။

ထိုအကြောင်းများ ပို၍သိလိုလျှင် maranathamedia.com/book/view/life-matters မှ Life Matters ဆိုသည့်စာအုပ်ကို download ဆွဲနိုင်ပါသည်။

## ၁၃။ ဗာဗုလုန်နိုင်ငံ၏အနှစ်

နိမ်ရောဒ၏စရိုက်ကို ပုံသွင်းပေးသည့် အကြောင်းရင်းခံများကို သုံးသပ်သည့်အခါ သူတည်ထောင်ခဲ့မည့် ယုံကြည်ကိုးကွယ်မှုအမျိုးအစားကို ကျွန်ုပ်တို့ရိပ်မိနိုင်ပေ၏။ ငြင်းဆန်းတတ်သည့်စိတ်သဘောအရင်းခံဖြင့် စတည်သော ဘာသာသည် သမ္မာကျမ်းဂန်၌ ဖော်ပြသည့် ဘုရားစစ်ဘုရားမှန်နှင့် ဆန့်ကျင်ဘက်ဖြစ်မည့် ဘာသာမျိုးဖြစ်မည်ဖြစ်၏။ အမှန်တကယ်ပင် ထိုဘာသာမျိုးကို နိမ်ရောဒသည် တည်ထောင်ခဲ့၏။ နိမ်ရောဒ၏ ခံယူချက်အတွေးအခေါ်ကို သမိုင်းပညာရှင် Josephus က အောက်ပါအတိုင်း မော်ကွန်းတင်ခဲ့၏။ ။

> နိမ်ရောဒသည် ၄င်း၏နောက်လိုက်များကို ဘုရားသခင်အား မထီမဲ့မြင်ပြုစေ၏။ နိမ်ရောဒသည် နောဧ၏သား ဟာမ၏မြေး၊ အားအင်ကြီးမားသူ၊ သူတစ်ထူးဖြစ်၏။ ၄င်းက ၄င်း၏နောက်လိုက်များကို ဘုရားသခင်အား မမှီခိုရန်၊ မိမိအရှိန်ကြောင့် ၎င်းတို့ပျော်ရွှင်ကြရကြောင်း၊ ၎င်းတို့၏ ရဲရင့်မှုကြောင့် ဤသို့ စံကြရခြင်းဖြစ်သည်ဟု ဝါဒဖြန့်ခဲ့၏။ ဘုရားသခင်အား ချစ်ကြောက် ကြည်ညိုခြင်းမှ လမ်းပြောင်းနိုင်ရန် အခြားလမ်း ကို မမြင်သောကြောင့် နိမ်ရောဒသည် မိမိကိုသာမှီခိုရန် မိမိ၏ အုပ်စိုးမှုကို အာဏာရှင်စနစ်သို့ တလှမ်းချင်းပြောင်း၏။
>
> Josephus. Antiquities Book 1 Chapter 4 Para. 2

နိမ်ရောဒသည် မာရ်နတ်၏ မုသာကို ကိုင်စွဲရန် ရွေးချယ်ခြင်းဖြင့် ဘုရား၏ ကောင်းချီးများကို လက်မခံတော့ပါ။ ၄င်းက သီလထက် အာဏာကို သာ၍အာရုံစိုက်၏။ မာရ်နတ်သည် အာဒံနှင့် ဧဝတို့အား သွေးဆောင်ခဲ့ သကဲ့သို့ ၄င်းကလည်း ၄င်း၏နောက်လိုက်များ မိမိကိုယ်ကို အာရုံပြုကြရန် သွေးဆောင်ခဲ့၏။ ဤသဘောတရားသည် အိမ်ထောင်မိသားစုကို ထူးကဲစွာထိုးနှက်၏။ သမိုင်းပညာရှင်တစ်ဦး၏အဆိုကို သတိမူပါလေ။ ။

> ရှေးကာလများတွင် ခေါင်းဆောင်တို့၏ ဩဇာညောင်းမှုသည် မျိုးနွယ်စုတို့၏ ကြည်ညိုမှု၌ တည်မှီ၏။ အများစု၏စိတ်တူထောက်ခံမှုဖြင့် အကြီးအကဲပြုကာ အနန္တဂိုဏ်းဝင်၏။ နိမ်ရောဒသည် ထိုထိုတို့နှင့် ဗီလာဆန့်ကျင်၏။ အာဏာကိုအထွဋ်ရှထား၏။ ငါ့နယ်ထဲကလူ ငါ့လူ သဘောဖြင့် အုပ်ချုပ်၏။ သို့နှင့် မျိုးနွယ်စုများ စုပေါင်းလာပြီး ယခုတွင် နိုင်ငံဟုဖြစ်လာ၏။ A. T. Jones, Empires of the Bible. 1904 Page 51.

ဖခင်ဦးစီးပြီး မိခင်ပံ့ပိုးသည့်အိမ်ထောင်တွင် နာခံမှုရှိခြင်းသည် ကောင်းချီးများခံစားရရှိစေကြောင်း ရှေးဘိုးဘေးများက သွန်သင်ထားခဲ့လေသည်။ နိမ်ရောဒသည် ထိုအစဉ်အလာကို မြေလှန်ပစ်ကာ စားနပ်ရိက္ခာ၊ မြေယာ၊ အဆောက်အဦးများပိုင်သူကို အာရုံထားသည့်စနစ် စတင်ခဲ့၏။ အရင့်အရင်များတွင် အိမ်ထောင်စုများသည် အရပ်တကာ ကျက်စားကြပြီး သွေးသားနီးစပ်မှုဖြင့် ဦးစီးခဲ့ကြ၏။ ဩဇာညောင်းမှုသည် ပုဂ္ဂိုလ်ရေး ခင်မင်မှုအပေါ် အခြေခံခဲ့၏။ နိမ်ရောဒသည် အကြောက်တရားဖြင့် အုပ်ချုပ်ကာ အဓမ္မခိုင်းစေ၏။

နိမ်ရောဒသည် ဘုရားသခင်စိတ်တော်တွေသည့် ထိမ်းမြားခြင်းအမှုကိုလည်း ဖျက်ဆီးခဲ့သေး၏။ နိမ်ရောဒသည် မိမိ၏မိခင်ကို ထိန်းမြားယူခဲ့၏။ ဤထိမ်းမြားခြင်းသည် အဖစည်း၊ သားစည်းကိုဖျက်၏။

နိမ်ရောဒ နတ်ရွာစံပြီးနောက်တွင် ၎င်း၏မိဖုရား/မိခင် Semiramis က နိမ်ရောဒ သည် ယခုတွင် နေဘုရားဖြစ်ကာ တိုင်းသူပြည်သားတို့အား ကွယ်ကာစောင်မသူ ဖြစ်သည်ဟု ဆို၏။ Semiramis သည် ယခုတွင် ရုပ်၊ နာမ် လောကကို ပေါင်းကူး ပေးသည့် တံတားဖြစ်ချေပြီ။ ထို့ကြောင့်လည်း "ကောင်းကင်မိဖုရား (ယေရမိ ၇း၁၈)" ဟူသည့် ဘွဲ့ရခဲ့၏။ နိမ်ရောဒ၏ စောင်မမှုကို ရရှိရန် သူမသည်တမန်ဖြစ်လာ၏။ နေကိုးကွယ်ခြင်းသည် ထိုအချိန်ကပင် အရပ်ရပ်သို့ ပြန့်နှံ့ပြီးဖြစ်၏။ တနင်္ဂနွေနေ့သည်

ရက်သတ္တပတ်၏ ဥပုသ်နေ့ဖြစ်လာခဲ့၏။ ထိုအခြင်းအရာသည် ဘုရားသခင်က စနေဥပုသ်နေ့တွင် သွန်းလောင်းပေးသည့် ကောင်းချီးမင်္ဂလာထူးကို ငြင်းဆန်ရာ ရောက်၏။ ကမ္ဘာဦးကျမ်း ၂း၃။ Semiramis တွင် Tammuz (တမ္မုဇ) ဟူသည့် သားရှိ၏။ ၎င်း၏ မိဖုရားရာထူးကို ထိန်းသည့်အနေဖြင့် ထိုသားသည် နိမ်ရောဒ တည်းဟူသော နေ၏အလင်းတန်းနှင့် တွေ့ထိခြင်းမှ မိမိကိုယ်ဝန်ရလာသောသား ဟူ၍ သူမပြောဆို၏။ နိမ်ရောဒသည် ယခုတွင် Tammuz အဖြစ် ဝင်စားပြီ။ ဤဘဝသံသရာစက်ဝန်းသည် နွေဦးရာသီနှင့် သဘာဝတရားကို ကိုးကွယ်ခြင်း များနှင့် ယှက်နွယ်စေ၏။ Tammuz အတွက် ငိုကြွေးမြည်တမ်းခြင်းပွဲသည် နွေဦးရာသီအကုန်မှစ၏။ ဤကိုးကွယ်ခြင်းအမှုကို သားငယ်အား ချီပွေ့သော Madonna ဘုရားမအသွင်ဖြင့် သရုပ်ပြထား၏။

> **ယေဇကျေလအနာဂတ္တိကျမ်း ၈း၁၄** - ဗိမာန်တော်မြောက်တံခါးဝသို့ ဆောင်သွား၍၊ ထိုအရပ်၌ မိန်းမတို့သည် တမ္မုဇနတ်အဖို့ ငိုကြွေးလျက် ထိုင်ကြ၏။

Semiramis ပယောဂဖြင့် ဝိညာဉ်မသေနိုင်သည့်အယူ၊ နိမ်ရောဒ အမည်ရလူကို ဘုရားပြုခြင်း၊ မြေခံရေခံ ဩဇာကောင်းရန် မိုးသွန်းဖြိုးရန် လောကဓမ္မတာနိယာ မတရားများကို ကိုးကွယ်ခြင်းစသည့် မိစ္ဆာအယူများသည် ဗာဗုလုန်နိုင်ငံတွင် တွင်ကျယ်လာ၏။ Semiramis သည် နိမ်ရောဒ၏ စွမ်းပကားကို ရစေမည့် တံခါးဝ ဖြစ်ခြင်းကြောင့် ထိုအစွမ်းကိုရရှိနိုင်ရန် လူယောက်ျားများသည် လူမိန်းမများတို့နှင့် သံဝါသပြုရသည့်ဝတ်ထုံး ဖြစ်တည်လာ၏။ သို့နှင့် ဗိမာန်မယ်များ (temple prostitute) ပေါ်လာ၏။ နေကိုးကွယ်ခြင်း အမှု၌ မေထုန်မှီဝဲခြင်းသည် ကျွဲကူးရေပါ တွဲလျက်ရှိ၏။ မိမိ၏ခင်ပွန်းအပေါ် သစ္စာမမြဲနိုင်လျှင် ဤဘာသာရေးသည် ဇာတိလွှမ်းသော လူသားတစ်ဦးအဖို့ အလွန်ဆွဲဆောင်မှုရှိသည့် ဘာသာရေးတစ်ခု ဖြစ်သွားနိုင်သည်။

ငါတို့ မှတ်သားရမည့်အချက်တစ်ချက်မှာ အစွမ်း(အာဏာ)ကိုမက်မောလာသည့်အခါ ထိုအာဏာကို မည်သည့်နည်းဖြင့်ယူရသည်ဖြစ်စေ၊ မည်သူ့ထံမှ ယူရသည်ဖြစ်စေ အကြောင်း မဟုတ် ဖြစ်လာလေ၏။ သညာဟူသည် ပတ်သက်မှု ရှိမှသာ အရေးပါ၏။ ဗာဗုလုန်တို့၏ဘာသာတွင် အသိရခက်သည့် ပုဂ္ဂိုလ်သုံးဦး ဆက်နွယ်မှု ပါဝင်၏။ နိမ်ရောဒသည် Semiramis ၏ ခင်ပွန်းဖြစ်ပြီး Tammuz အဖြစ်ဝင်စားခြင်းကြောင့် သားလည်းဖြစ်ပြန်ရာ သုံးပါးပေါင်းတစ်ဆူဘုရားကို အမြင်ဝါးစေ၏။ ဆိုခဲ့သည့်အတိုင်း စွမ်းအား(အာဏာ)ကို ကိုးကွယ်သည့်အခါ ပုဂ္ဂိုလ်ဟူသည် အရေးမပါတော့ပါ။ ဤအခြင်းအရာသည် ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ပုံနှင့် လုံးဝပြောင်းပြန်ဖြစ်၏။ ခမည်းတော်၊ သားတော်တို့၏ ကိုယ်ပိုင်လက္ခဏာကို မဖြစ်မနေသိရှိထားဖို့ လိုအပ်၏။ ၎င်းတို့၏ဖြစ်တည်မှုအမှန်ကို ဘယ်အခါမျှ စောဒက မဖြစ်ကောင်းပေ။ ရောလည်း မရောကောင်းပေ။ ပဟေဠိ မဆန်စေရာ၏။ ဤသို့ ဖြစ်ခဲ့သည်ရှိသော် ၎င်းသည် မာရ်နတ် ထွင်လုံးထုတ်ခဲ့သော အစွမ်းကို ကိုးကွယ်ခြင်း ဖြစ်သည်ဟု မှတ်ပါလေ။ သမ္မာကျမ်းစာတော်မြတ်မှ ပြဆိုသော ခမည်းတော်နှင့် သားတော် မဟုတ်။

ခရစ်ယာန်ဓမ္မခရီး၌ ငါ့ကိုယ်တွေ့မှဖြစ်စေ၊ ငါဆုံတွေ့ခဲ့ရသော ဓမ္မမိတ်ဆွေများမှဖြစ်စေ ကျမ်းဂန်အပိုဒ်အချို့သည် မည်သည့်ပုဂ္ဂိုလ်ကိုဖော်ညွှန်းကာ မည်သူ့အား တိုင်တည်ကာ တောင်းဆုပန်ရမည်ကို မရှင်းမရှင်းဖြစ်ကြကြောင်းကို ငါကြုံခဲ့၏။ ဆုပန်သည့်အခါ ချန်မိသည်များရှိပြီး အမျက်ထွက်စေမိမည်ကို မလိုလားကြကြောင်းကို ကြားဖန်များခဲ့၏။ ဤသို့ ဇဝေဇဝါဖြစ်ရခြင်းမှာ ဗာဗုလုန်ဘာသာ၏ တိုက်ရိုက်သက်ရောက်မှုဖြစ်ပြီး ခမည်းတော်နှင့် သားတော်ဘုရားကို ဆည်းကပ်ကြမည့်အစား ကျော်ဇောဝဏ္ဏကိုသာ ရှာမှီးကြခြင်းကြောင့် ဖြစ်၏။ ဤအချက်သည် တရားရှာသူများ၏ မောဟသာ ဖြစ်၏။ ထိုအဆုံးအမများက ၎င်းတို့ကို ထိုသို့ရှုပ်ထွေးစေ၏။ ဗာဗုလုန်၏ ဘာသာသည် ဘုရားကို ကြည်ညို သဒ္ဓါဟန်ပြပြား အကယ်တွင် ဘုရားသခင်ကို ဥပေက္ခာပြုကာ ၎င်းအစား လူကိုဘုရားပြု၍ ကိုးကွယ်၏။

ဗာဗုလုန်နိုင်ငံ၏ နေကိုးကွယ်မှုသမိုင်း များစွာရှိပါသည်။ သို့ရာတွင် ကျမ်းစာပါ ဘုရားသခင်အကြောင်းနှင့် နွယ်သောအခြေခံသဘောတရားများကိုသာ ကျွန်ုပ်တို့ အဓိကလေ့လာလိုပေ၏။ နိမ်ရောဒ၊ Semiramis, Tammuz ပေါင်းသည့် ဘာသာတရားသည် အောက်ပါအချက်တို့ကို ရှေ့ရှု၏။ ။

၁။ ဝိညာဉ်မသေနိုင်သည့် အဖြစ်ကို ယုံစားခြင်း၊

၂။ တန်ခိုးခွန်အားသည် ခန္ဓာတွင်းမှလာခြင်း၊

၃။ အဖသည်ဦးသျှောင်၊ ကောင်းချီးရင်းမြစ်ဖြစ်သည်ကို ငြင်းဆန်ကာ အာဏာ ရှင်/ အဓမ္မစနစ်၊ သားနှင့်အမိ ပတ်သက်မှုတို့ကို အမွှမ်းပြုခြင်း။

၄။ မိသားစုစံကို မှောက်လှန်ခြင်း။

၅။ မြို့တည်၊ နယ်မြေချဲ့ထွင်၏။

ဤလမ်းစဉ်သည် မာရ်နတ်မှ လူသားတို့အား ကောင်းမကောင်းကို သိကျွမ်းရ သည့်ဉာဏ်ကိုရမည်ဟူသောကတိ၏ ပြည့်စုံခြင်းဖြစ်၏။ အထက်ပါ တစ်ခုခုနှင့် နီးနွယ်သည့် ဘာသာရေးသည် မာရ်နတ်၏ လောင်းရိပ်မိသော ဘာသာဖြစ်၏။ ဤဘာသာသည် အကြောက်တရား၊ မာနတရား၊ လမ်းမလိုက်ခြင်းနှင့် သမ္မာကျမ်း စာလာ ဘုရားသခင်၏ မိန့်မှာချက်ကို လုံးလုံးဆန့်ကျင်သည့် လူမှုရေးဖောက်ပြန်ခြင်းတို့မှ မြစ်ဖျားခံသော ဘာသာဖြစ်၏။

## ၁၄။ အဆင့်နိမ့်ပါးလာခြင်း

နိမ်ရောဒနှင့် အပေါင်းအပါတို့ ဘုရားကိုမည်သို့ရှုခဲ့သည်ကို သုံးသပ်လေ့လာလျှင် ကြောင်းကျိုး သင့်လှပေမည်။ တမန်တော်ရှင်ပေါလုက ဤကပ်ကာလ၏ဖြစ်စဉ်နှင့် လူသားများအပေါ်သက်ရောက်သော အကျိုးကို တိုရှင်းစွာ စိတ်ဖြာခဲ့၏။ ထိုအကြောင်းကို အဓိကထား ဆွေးနွေးသွားကြပါမည်။

အစအဦး၌ ဘုရားသခင်သည် မိမိသဏ္ဍာန်နှင့်တစ်သဏ္ဍာန်တည်း လူသားကို ဖန်ဆင်းခဲ့၏။ ဤအကြောင်းကို အခန်း(၇)၌ ဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။ ဘုရားသခင်က လူသားအား ဖန်ဆင်းပုံသည် ၄င်းနှင့်၄င်း၏သားအကြား ဆက်ဆံပုံကို စကြဝဠာသို့ ပြလိုခြင်းဖြစ်၏။ ရှင်ပေါလု၏အဆိုကို မှတ်ပါလေ။

> **ရောမသြဝါဒစာ ၁း၁၉၊ ၂၀** - အဘယ်ကြောင့်နည်းဟူမူကား၊ သိအပ်သော ဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင်ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အားပြတော်မူပြီ။ အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသော အရာများကို ထောက်ရှုသဖြင့်၊ ထာဝရ တန်ခိုးတော်နှင့် ထာဝရအဖြစ်တော် တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည့်ကာလမှစ၍ ထင်ရှားလျက်ရှိ၏။ ထိုကြောင့် သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။

ဘုရားသခင်ကို မဆည်းကပ်နိုင်ရန် မာရ်နတ်သည် လင်မယားဆက်ဆံမှုကို ပုံမှားရိုက်ရန် အပတ်တကုတ် ကြိုးပမ်းမည်မှာ အသေအချာပင်ဖြစ်၏။ ရှင်ပေါလုသည် နိမ်ရောဒ၏ အတ္ထုပ္ပတ္တိကို အကျဉ်းချုံးထား၏။ တစ်ဆင့်ခြင်း လေ့လာကြအံ့။

> **ရောမသြဝါဒစာ ၁း၂၁-၂၅** - အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို သိလျက်ပင်၊ ဘုရားသခင်ကို ချီးမွမ်းသင့်သည်အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်းမသိမမှတ်၊ အချည်းနှီးတွေးဆခြင်း၊ သတိမရှိသော

> စိတ်နှလုံး မိုက်မဲခြင်းသို့ ရောက်ကြ၏။ ပညာရှိ ယောင်ဆောင်လျက်နှင့် လူမိုက်အရာ၌တည်ကြသည်ဖြစ်၍၊ မဖောက်ပြန် မပျက်စီးနိုင်သော ဘုရားသခင်၏ ဂုဏ်တော်ကိုပယ်လျက်၊ ဖေါက်ပြန်ပျက်စီးတတ်သော လူ၏ရုပ်တု၊ သားငှက် အစရှိသော တွားတတ်သော တိရစ္ဆာန်၏ရုပ်တု တို့ကို ဘုရားသခင် အရာ၌ ချီးမြှောက်ကြ၏။ ထို့ကြောင့် သူတို့သည် မိမိတို့ကိုယ်ကာယ၏ အသရေကို အချင်းချင်းရှုတ်ချမည်အကြောင်း၊ ဘုရားသခင်သည် သူတို့ကို သူတို့၏ ကိလေသာ စိတ်ညစ်ညူးခြင်း လက်သို့အပ်လိုက်တော်မူ၏။ သူတို့သည် မှန်သော ဘုရားသခင့်အရာ၌ အမှားကိုထားလျက်၊ ဖန်ဆင်းတတ်သော သခင်ကိုပယ်၍ ဖန်ဆင်းအပ်သော အရာကို ဝတ်ပြုကိုးကွယ်သောသူ ဖြစ်ကြ၏။ ထိုသခင်သည် ထာဝရ မင်္ဂလာရှိတော်မူ၏။ အာမင်။

နိမ်ရောဒသည် ဟာမ၏ မြေးဖြစ်သည်ကြောင့် ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ကို ကောင်းစွာ သိခဲ့ရလေ၏။ စွမ်းအားသည် ဘုရားသခင်ထံမှလာခြင်းမဟုတ် ခန္ဓာတွင်းမှ လာသည်ဟု လက်ခံသည့်အခါ ဘုရားသခင်ကို သူမချီးမွမ်းတော့ပါ။ မိမိခံစားရသော ကောင်းချီးတော်တို့အတွက် ဘုရားကို သူကျေးဇူးမတင်တော့ပါချေ။ ထိုမှတဆင့် နိမ်ရောဒ နှင့် သူ၏အပေါင်းအပါတို့သည် မိမိတို့ကိုယ်ကို အမှန်အတိုင်း မမြင်တတ်ကြတော့ပါချေ။ ဘုရားသခင်မှ ပြတ်သားစွာ တားခဲ့သည့် ကျားမစည်းမျဉ်းကို ကမောက်ကမဖြစ်စေကာ ကောင်းချီး ရနိုင်မည့် လမ်းကို ဖြတ်တောက်၏။ သားတော်ဘုရား၏ နာခံတတ်မှုမျိုး ၎င်းတို့၏ မိသားစုများအတွင်း အဝင်မခံဘဲ ၎င်းတို့၏ နှလုံးသားများသည်လည်း အမှောင်ဖုံးနေ၏။ အမျိုးသမီးရေးရာနှင့် အသစ်သော လိင်လွတ်လပ်ခွင့်များတို့သည် ဉာဏ်ပွင့်ဟန်ရှိသော်လည်း၊ တိုးတက်မှုပြယုဒ်တစ်ခု ဖြစ်ဟန်ရှိသော်လည်း အမှန်တကယ်မှာမူ သူတို့ကို သူရှုံးဖြစ်စေခဲ့၏။

နိမ်ရောဒ နတ်ရွာစံပြီးနောက်တွင် Semiramis က နိမ်ရောဒသည် နေဘုရားဖြစ်ပြီဟု အခိုင်အမာဆို၏။ ဘုရားဟုပြောသော်လည်း ပုထုဇဉ်လူသားများနည်းတူ သေကျေ

ကွယ်ပြောက်ခဲ့ရပါသည်တကား။ လူသားသည် အသက်ကို ဘယ်ကရသည်ကို အမှတ်မှားစပြုကာ ဘုရားချမှတ်သည့် ကျား၊ မ စည်းလည်း ပျောက်တော့၏။ နိမ်ရောဒထံချဉ်းကပ်နိုင်ရန် ဘုရားမကို ကိုးကွယ်ခြင်း၊ နိမ်ရောဒသည် Tammuz အဖြစ်ဝင်စားခြင်း၊ တွားသွားသတ္တဝါ၊ ခြေလေးချောင်း သတ္တဝါ၊ ငှက် စသည်တို့ကို ရိုသေသမှုပြုကာ သဘာဝတရားကို ကိုးကွယ်ခြင်းတို့သည် ဘုရားသခင်၏ သဏ္ဍာန်တူ ဖန်ဆင်းထားသည့် လူသားကို အိုးမဲသုတ်ခြင်းဖြစ်ပြီး ဘုရားသခင်၏ ဖြစ်တည်မှုအစစ်ကို မုသားမြောက်စေ၏။

ဗာဗုလုန်ဘာသာ၏ဘုရားသည် တန်ခိုးအာဏာကို ကိုးကွယ်ရာကြံသည့် ဘုရားဖြစ်၏။ ငါတို့ဆိုခဲ့ပြီးသည့်အတိုင်း တန်ခိုးအာဏာနောက်သို့ လိုက်သည့်အခါ အကိုးကွယ်ခံသော ပုဂ္ဂိုလ်၏ ဝိသေသကို ဂရုမစိုက်စေတော့၊ သီလသည် အာဏာလောက် အရေးမပါ။ နိမ်ရောဒ၊ Semiramis, Tammuz တို့ပေါင်းစည်းမှုသည် ကျားမ စည်းကို ဖျက်၏။ သံဝါသပြုခြင်းသည် ပြုသူ၏ဂုဏ်ထက် အရေးပေးခံရ၏။ အသုံးပြုသော သင်္ကေတများသည်လည်း တလွဲ အဓိပ္ပာယ်ဆောင်၏။

> **ရောမသြဝါဒစာ ၁း၂၆-၂၈** - ထိုသို့ပြုကြသောကြောင့် ဘုရားသခင်သည် သူတို့ကိုရှက်ကြောက်ဘွယ်သော ကိလေသာလက် သို့ အပ်လိုက်တော်မူ၏။ အဘယ်သို့နည်းဟူမူကား၊ မိန်းမတို့သည်ပ ကတိထုံးစံကိုစွန့်၍ ပကတိနှင့် ဆန့်ကျင်ဘက်ထုံးစံကို လိုက်ကြ၏။ ထိုအတူ၊ ယောကျ်ား တို့သည်လည်း မိန်းမနှင့် ဆက်ဆံခြင်း ပကတိ ထုံးစံကိုစွန့်၍ အချင်းချင်း ကိလေသာစိတ်ပူလောင်သဖြင့်၊ ရှက် ကြောက်ဘွယ်သောအမှုကို ယောကျ်ားချင်းပြုလျက်၊ မိမိတို့ မှား ယွင်းခြင်းနှင့်အလျောက် မိမိတို့ အပြစ်ဒဏ်ကိုခံရကြ၏။ ထိုသူ တို့သည် ဘုရားသခင်ကို မသိမမှတ်လို သည်ဖြစ်၍၊ မလျောက်ပတ် သောအမှုကို ပြုစေမည်အကြောင်း၊ ဘုရားသခင်သည် သူတို့ကို မောဟလက်သို့ အပ်တော်မူ၏။

လိင်တူဆက်ဆံခြင်းသည် ဗာဗုလုန်၏ဘာသာတရားမှလာ၏။ တံခါးမှူး Semiramis ၏ အဆိုပြုချက်အရ သံဝါသပြုခြင်းသည် သံဝါသပြုခံရသူထံမှ အစွမ်းတန်ခိုး ရနိုင်သည့် လမ်းပမာ အဓိပ္ပာယ်ဆောင်၏။ ခေါင်းဆောင်ခြင်း၊ နာခံခြင်းတို့သည် အတိတ်တွင် ကျန်ခဲ့ပြီ။ အစွမ်းနှင့် လူကျင့်ဘုရားဖြစ်ခြင်း နောက်သို့လိုက်သည့်အခါ သမ္မာကျမ်းရင်းလာ လိင်စည်းလည်း ပျောက်တော့၏။ ထိုအဖြစ်၏ အဆုံးသတ်ရလဒ်ကို ရှင်ပေါလုက အောက်ပါအတိုင်းဆို၏။ ။

> **ရောမသြဝါဒစာ ၁း၂၉-၃၂** - သူတို့သည် အလုံးစုံသော အဓမ္မကျင့်ခြင်း၊ မတရားသော မေထုန်ကိုပြုခြင်း၊ ဆိုးညစ်ခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ ပြေစုခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ရန်တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ သူတစ်ပါးကိုမြင်ပြင်းခြင်းတို့နှင့် ပြည့်စုံသောသူ၊ ချောစားသောသူ၊ ဆဲရေးသောသူ၊ ဘုရားသခင်ကို မုန်းသောသူ၊ ကြမ်းတမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွားသောသူ၊ မတတ်ကောင်းသောအတတ်ကို စီရင်သောသူ၊ မိဘစကားကို နားမထောင်သောသူ၊ သတိမရှိသောသူ၊ သစ္စာပျက်သောသူ၊ မိဘ၊ သားမယား စသည်တို့ကို မချစ်သောသူ၊ ရန်ငြိုးထားသောသူ၊ သနားခြင်းကရုဏာစိတ်မရှိသောသူ ဖြစ်ကြ၏။ ထိုသို့ကျင့်သော သူတို့သည် သေပြစ်ကို ခံထိုက်သည်ဟု ဘုရားသခင် စီရင်တော်မူကြောင်းကို ထိုသူတို့သည် သိလျက်ပင် ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ကျင့်သော သူတို့၌အားရဝမ်းမြောက်ကြ၏။

လူများစွာတို့က ဤကမ္ဘာ၌ဘာ့ကြောင့် ကြမ်းကြုတ်မှု၊ အမုန်းပွားမှု၊ လူမှုရေးဖေါက်ပြန်မှု ထိုမျှပွားများရဘိနည်းဟု အံ့သြကြ၏။ ရောမသြဝါဒစာ အခန်းကြီး (၁) က ဤသည်တို့ မည်သို့ဖြစ်ပျက်ရကြောင်း၊ ဘာ့ကြောင့် ဤသို့ ဖြစ်ရကြောင်းတို့ကို ရှင်းစွာပြထား၏။ လူသားများ နိမ့်ပါးလာခြင်းကို အောက်ပါအတိုင်း အကျဉ်းချုံးနိုင်၏။

၁။ အသက်နှင့် ကောင်းချီးမင်္ဂလာများသည် ခမည်းတော်နှင့် သားတော်ထံ တို့မှ လာကြောင်းကိုမေ့လျော့ခြင်း

၂။ ပုထုဇဉ်လူသားတို့အထဲ၌ အသက်အရင်းအမြစ်ရှိသည်ဟု ခံယူခြင်း

၃။ ကောင်းချီးရနိုင်မည့် ဦးဆောင်သူနှင့်နာခံသူမိသားစု ပုံစံကိုဖျက်ဆီးခြင်း

၄။ လူမှုရေးဖေါက်ပြန်ခြင်း

၅။ ကောင်းချီးမဲ့ခြင်းကြောင့် တန်ဖိုးမဲ့ခြင်း၊ ကြောက်ခြင်း၊ မာန်မာန၊ ဒေါသ၊ အမုန်း၊ သတ်ဖြတ်ခြင်းများ တိုးပွားခြင်း

၆။ လူသားများ ဘုရားသခင်ကို အကြည်အညိုပျက်ကြောင်း ပြသခြင်း၊ မိမိ၏ ဇာစ်မြစ်အကြောင်း ဝေဝါးကာ သီလထက် အစွမ်းကိုသာ ကိုးကွယ်ခြင်း ကို ဆိုလို၏။

ဤသည်ကား ဗာဗုလုန်၏ချုပ်နည်းများဖြစ်၏။ သမ္မာကျမ်းစာမှ သမုတ်သည့် ဗာဗုလုန်သည် ပထဝီ အင်ပါယာထက် ကျယ်ပြော၏။ ဤအချက်သည် လူသားတို့၏ နလုံးသားကို ထင်သည်ထက် သာ၍ထိုးနက်၏။ စိတ်နလုံးကို ကျွန်ပြုနိုင်စွမ်းသည် စိုးရိမ်ဖွယ်ဖြစ်၏။ ၎င်း၏ လှို့ဝှက်လည်ပတ်ပုံယန္တရားသည် မှင်သက်ဖွယ်ကောင်းလှ၏။ လည်ပတ်နိုင်စေမည့် နည်းလမ်းလည်းများစွာရှိ၏။ ၎င်း၏အာဏာစက်အောက်တွင် တစ်ခါဝပ်ဆင်း ဖူးလျှင် ရုန်းထွက်ရန် ခက်သည်အထိ စွမ်းလှ၏။

ငါတို့သည် အာဗြဟံကို သင်ခန်းစာမယူလျှင် မဖြစ်ပါ။ အာဗြဟံ၏ရာဇဝင်က ဗာဗုလုန် စနက်မှ ရုန်းထွက်နိုင်မည့်လမ်းကို ပြခဲ့၏။ အာဗြဟံသည် ဗာဗုလုန်မြို့တည်ရှိရာ ဒေသမှ လာခဲ့၏။ ၎င်း၏မိသားစုသည်လည်း ဗာဗုလုန် ဘာသာကို ကိုးကွယ်ခဲ့၏။ သို့သော် အာဗြဟံသည် ရုန်းထွက်ခဲ့၏။ ရှင်ပေါလုက ရောမသြဝါဒစာကို ဘုရားသခင်၏ အာနုဘော်ဖြင့် စကားဦးသန်းပြီး အာဗြဟံ၏ အကြောင်းဖြင့် ဆက်ခဲ့သည်မှာ ထူးလှ၏။

**ရောမသြဝါဒစာ ၁း၁၆-၁၈** - ငါသည်ခရစ်တော်၏ ဧဝံဂေလိတရား ကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ဟေလသလူ၊ ယုံကြည်သမျှသော သူ အပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ အဘယ်သို့ဖြစ်သနည်း ဟူမူကား၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်း အားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ယုံကြည် ခြင်း၌တည်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်း တရားသည်၊ ယုံကြည် ခြင်းအဖို့အလိုငှာ ဧဝံဂေလိ တရားအားဖြင့် ထင်ရှားလျက်ရှိ၏။ သမ္မာ တရားကို အဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူတို့ ပြုတတ်သော ဘုရားမဲ့ နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်းအမှု အမျိုးမျိုးတို့ တစ်ဖက်၌ ဘုရားသခင်၏ အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက်ရှိ၏။

**ရောမသြဝါဒစာ ၄း၁၆-၂၁** - ထိုကြောင့်၊ ကတိတော်သည် ပညတ် တရားနှင့်ဆိုင်သော အမျိုးအနွယ်တို့၌ ပြည့်စုံသည် သာမက၊ အာဗြဟံ၏ ယုံကြည်ခြင်းတရားနှင့်ဆိုင်သော သူတို့၌ပြည့်စုံလျက်၊ အာဗြဟံ၏အမျိုး အနွယ် အပေါင်းတို့၌ ပြည့်စုံမည်အကြောင်း၊ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ၊ ယုံကြည်ခြင်းတရားကိုသာ အမှီပြု၍ ရောက်နိုင်၏။ ငါသည် သင့်ကို လူမျိုးအများတို့၏ အဘဖြစ်စေ၏ဟု ကျမ်းစာ၌လာသည်နှင့်အညီ၊ ထိုအာဗြဟံသည်ကား၊ သေလွန်သော သူတို့ကို ရှင်တော်မူထသော၊ မဖြစ်သေးသောအရာတို့ကို ဖြစ်သော အရာကဲ့သို့ မှာထားတော်မူသော ဘုရားသခင်တည်းဟူသော၊ ကိုယ်တိုင် ယုံကြည်သော ဘုရားရှေ့တော်၌ ခပ်သိမ်းသော ငါတို့၏ အဘ ဖြစ်သတည်း။ သင်၏အမျိုးအနွယ်သည် ထိုသို့ဖြစ်လိမ့်မည် ဟူသော ဗျာဒိတ်တော်အတိုင်း၊ မိမိသည် လူမျိုးအများတို့၏ အဘဖြစ်မည်ဟု မျှော်လင့်စရာ အကြောင်းမရှိဘဲလျက် ယုံကြည်၍ မျှော်လင့်လေ၏။

> ယုံကြည်အားကြီးသည်ဖြစ်၍ မိမိအသက်သည် အနစ်တစ်ရာလောက် ရှိသဖြင့်၊ မိမိကိုယ်သည် အသေကဲ့သို့ ရှိကြောင်းကိုလည်းကောင်း၊ မိမိ၏ ခင်ပွန်း စာရာ၏ဝမ်းသည် သေကြောင်းကိုလည်းကောင်း၊ မအောက်မေ့၊ ယုံမှားသောစိတ်နှင့်ကင်း၍ ဘုရားသခင်၏ ကတိတော်ကို တွေးတောခြင်း မရှိ၊ ယုံကြည်အားကြီးသဖြင့် ဘုရားသခင်ကို ချီးမွမ်း၍၊ ကတိထားတော်မူသော သူသည် ကတိတော်အတိုင်း တတ်နိုင်တော်မူသည်ကို စိတ်စွဲလမ်းလေ၏။

အာဗြဟံ၏ ဗာဗုလုန်မှ အလွတ်ရုန်းခဲ့သည့် သမိုင်းသည် သခင်ခရစ်တော်ဟောသည့် ဧဝံဂေလိ အချုပ်အခြာဒေသနာတော်ပင်ဖြစ်၏။ ဗာဗုလုန်၏ ကျော့ကွင်းများကိုဖျက်ကာ "ဗာဗုလုန်မြို့ပြိုလဲပြီ"ဟု ကြွေးကြော်နိုင်ရန် လူသားများနိမ့်ပါးရသည့် ထို (၆) ဆင့်ကို မြေလှန်ပစ်ရန် ငါတို့သည် အာဗြဟံကို စံယူရပါမည်။

## ၁၅။ ဗာဗုလုန်မှ ခေါ်ထုတ်ခြင်း

ဗာဗုလုန်၏ ရုပ်တုကိုးကွယ်ခြင်းအမှုသည် ကမ္ဘာတစ်နံတစ်လျားသို့ ပြန့်နှံ့လုနီးနီးဖြစ်ခဲ့၏။ ကျမ်းစာ၌ ဤသို့လာ၏။ ။

> **ယေရမိအနာဂတ္တိကျမ်း ၅၁း၇** - ဗာဗုလုန်မြို့သည်၊ ထာဝရဘုရား ကိုင်တော်မူ၍ မြေကြီးတစ်ပြင်လုံးကို ယစ်မူးစေသော ရွှေဖလားဖြစ်၏။ ထိုဖလား၌ပါသော စပျစ်ရည်ကို လူအမျိုးမျိုးတို့သည်သောက်၍ အရူး ဖြစ်ကြ၏။

ဗာဗုလုန်၏စပျစ်ရည်သည် ဘုရားသခင်အကြောင်း ပုံမှားသွင်းသောမိစ္ဆာဝါဒ ဖြစ်ပြီး လူ့စိတ်နလုံးကို ဒွိဟဖြစ်စေကာ ယစ်ရည်မူးသည်ဟု ပမာတင်စားထား၏။ ထိုထိုသော ဝါဒများက မိသားစုကို ဖြိုခွဲ၏။ ကောင်းကင်ပိုလ်ခြေအရှင် ဘုရားသခင် သွန်းဖြိုးပေးသည့် ကောင်းချီးများကို ဖြတ်တောက်ပစ်၏။ တန်ဖိုးမဲ့ခြင်း၊ ဒေါသ ထန်ခြင်း၊ စိတ်မလုံခြင်း၊ အာဃာတမက်ခြင်းများ ဖြစ်စေ၏။

ဗာဗုလုန်၏လွှမ်းမိုးမှုကား မျိုးနွယ်စုဖြင့် အရပ်တကာလှည့်လည်ကျက်စားခြင်းမှ စစ်တပ်မဟာကွယ်သည့် နိုင်ငံတော် တည်ထောင်ခြင်းသို့၊ ဇနပုဒ်မှ မြို့ရိုးကာသည့် မြို့သို့ပြောင်းစေ၏။ စစ်တပ်၏ ရိက္ခာ၊ လက်နက်များအတွက် အခွန်တော် စည်းကြပ် ခြင်းကို စခဲ့၏။ အခွန်မပြတ်လပ်ရန် ဘုရင်စနစ် ကျင့်သုံး၏။ သွေးထွက် သံယိုမှုများက လူသားများကို သွေးဆိုးစေပြီး၊ မိသားစုများနှင့် ဝေးကွာချိန်များခြင်းသည် မမှန်သော ကိုးကွယ်မှုများနှင့် ပေါင်းစည်းသည့်အခါ ပြည့်တန်ဆာလုပ်ငန်းကို အားပေးပြီး မိသားစု ကို ဖြိုခွဲကာ ဘုရားပြုပြည်တန်ဆာများမှလွှဲ၍ အမျိုးသမီးအပေါင်းကို တိရစ္ဆာန်သာသာ သာ ဆက်ဆံကြ၏။

ဤဖြစ်စဉ်သည် လူသား၌တည်သောဘုရား၏ ရုပ်သဏ္ဍာန်ကို ဖျက်ဆီးသော မာရ်နတ်၏ မာယာများဖြစ်၏။ ဘုရားကိုဆန့်ကျင်ရာ၌ လူသားတို့၏ဘုန်းကိုခွာ

ချကာ ဘုရားကိုဆန့်ကျင်ရာ၌ ၎င်း၏လိုသုံးဖြစ်ရန် ကျွန်ပြု၏။ ဘုရားသခင်လည်း မေတ္တာအနန္တဖြင့် ဖခင်ဦးဆောင်သော မိသားစုဆောက်တည်ရန်၊ ဘုရားသခင်ကို ပြန်လည် မျက်မှောက်ပြုနိုင်ရန်၊ သားသမီးများကို မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်မည့် ဖနီးကောင်းရှိသော မိသားစုရှိရန် အာပြဟံကိုခေါ်ထုတ်၏။ အာဗြံ (ခေါ်) အာပြဟံသည် နိမ်ရောဒထက် နောက်ကျ၏။ သို့သော် အခြားသော အထောက်အထားများ၌ ဗာဗုလုန် ဘုန်းထွားချိန်အတွင်း ၎င်းတို့သည် ခေတ်ပြိုင်များ ဖြစ်ကြသည်ဟူ၍လည်း လာ၏။

> **ကမ္ဘာဦးကျမ်း ၁၂း၁-၃** - ထာဝရဘုရားသည်လည်း အာဗြံကို ခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်း ပေါက်ဖော်များ ထဲက ထွက်ပြီးလျှင်၊ ငါပြလတ္တံ့သောပြည်သို့သွားလော့။ ငါသည်သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏နာမကို ကြီးမြတ်စေ မည်။ သင်သည်ကောင်းချီးခံရသောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းချီး ပေးသောသူကို ငါ ကောင်းချီးပေးမည်။ သင့်ကိုကျိန်ဆဲသောသူကို ငါ ကျိန်ဆဲမည်။ သင့်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီး မင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။

အာပြဟံ ကျောခိုင်းခဲ့ရာအရပ်သည် နိမ်ရောဒအင်ပါယာ ခါလဒဲလူများနေထိုင်ရာ အရပ်ဖြစ်၏။

> **ကမ္ဘာဦးကျမ်း ၁၁း၂၆-၂၈** - တေရသည် အသက်ခုနစ်ဆယ်ရှိသော်၊ သား အာဗြံ၊ နာခေါ်၊ ခါရန်တို့ကို မြင်လေ၏။ တေရ၏ သားစဉ် မြေးဆက် ဟူမူကား၊ တေရ,သည် အာဗြံ၊ နာခေါ်၊ ခါရန်တို့ကို မြင်လေ၏။ ခါရန်သည်လည်း လောတ,ကို မြင်လေ၏။ ခါရန်သည်၊ အဘတေရ မသေမီ၊ မိမိဖွားရာအရပ်၊ ခါလဒဲပြည်သားတို့နေသော ဥရမြို့၌ သေလေ၏။

ဘုရားသခင်သည် အာဗြံကို ၎င်းအကျွမ်းတဝင်ဖြစ်ခဲ့သော ဝတ်ပြုကိုးကွယ်မှုနှင့် ဇာတိမြေမှ ခေါ်ထုတ်ရမည် ဖြစ်၏။ သားအဖ ဆက်ဆံမှုအခြေပြု မိသားစုစံကို ဘုရားသခင်သည် အာဗြံအား သိစေလို၊ ကောင်းချီးပေးလို၏။ ဤနိယာမကို သူတို့ဇနီးမောင်နှံနှစ်ဦး နားလည်သဘောပေါက်လာကြသည့်အခါမှသာ သူတို့အား သားဆုကို ဘုရားသခင်ပေးတော်မူခဲ့၏။

မိသားစုကြန်အင်ကို ဘုရားသခင်သည် အာဗြံအားဖြင့်ပြကာ ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် ကောင်းချီးဆောင်ကြဉ်းသူဖြစ်စေ၏။ အာဗြံ၊ စာရာတို့ကို နမူနာယူကြကုန်သော သူအပေါင်းတို့သည် ဘုရားသခင် သွန်းလောင်းသော ကောင်းချီးမင်္ဂလာကို ရရှိကြမည်ဖြစ်ပြီး ၎င်းတို့သည် ၎င်းတို့၏ ဂုဏ်ကြောင့် မဟုတ်ဘဲ ၎င်းတို့၏ ပစ္စုပ္ပန်ဖြစ်တည်မှုအတိုင်းဖြင့် အချစ်ခံရကြောင်းကို သိစေ၏။ အာဗြံအပေါ် ကတိထားခဲ့သော နိုင်ငံတော်ကြီးကား မိသားစုကြန်အင်၌ မူတည်၏။

> **ကမ္ဘာဦးကျမ်း ၁၈း၁၈၊ ၁၉** - အာဗြဟံသည်ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံသော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်။ အကြောင်းမူကား၊ သူသည် မိမိနောက်၌ဖြစ်သော သားများ၊ အိမ်သူများတို့အား ပညတ်မည်အရာကို ငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏ တရားလမ်းသို့လိုက်၍ ဟုတ်မှန် ဖြောင့်မတ်စွာ ကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ ပြုရသောအခွင့် ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။

"ငါသည်သူနှင့် သိကျွမ်း၏" ဟူသည့် စကားရပ်၌ အာဗြဟံသည် ဘုရားသခင်နှင့် သိကျွမ်းကြောင်းနှင့် ၎င်း၏ဇနီးနှင့် သားသမီးများကို ဘုရားသခင်မိန့်ခဲ့သည့်အတိုင်း ဦးစီးကြောင်း ပြ၏။ ခင်ပွန်း၊ ဖခင်ဟူသည် ကောင်းကင်ဘုံရှိ အဖဘုရားထံမှ ကောင်းချီး ရနိုင်မည့် လမ်းကြောင်းဖြစ်ရမည်ဟု ဘုရားသခင်က အာဗြဟံအား မိန့်ခဲ့၏။

ခင်ပွန်းသည်၎င်း၏ မံသ,မျိုးစေ့ကို ဇနီးသည်၏ ပါရမီအကူဖြင့် သားဆက်ဖွားရုံ မက ဘဲ ဇနီးကိုနှစ်သက်တတ်၊ ချစ်တတ်၊ သားသမီးများအတွက် ရှေ့ရေးတွေးပေးတတ်၊ တန်ဖိုးထားတတ်ရန် ခင်ပွန်းသည်ထံ ဝိညာနဉာဏ် ဌာပနာပေးပြီးဖြစ်၏။ သုတ္တံကျမ်း လာအကြောင်းကို သတိချပ်လော့။ ။

**သုတ္တံကျမ်း ၁၇း၆** - မြေးတို့သည်အသက်ကြီးသောသူ၏ သရဖူဖြစ်၏။ သားတို့၏ ဘုန်းကား အဘတည်း။

အာပြဟံသည် ၎င်း၏ဇနီးသည်နှင့် သားသမီးများအပေါ် ကောင်းချီးပေးနိုင်စွမ်းသည့် ပမာဏသည် ဇနီးသည်စာရာ၏ ဝန်ခံတတ်မှု၌ များစွာတည်မှီ၏။ ၎င်း၏သြဇာသည် ဇနီးသည်၏ ဝန်ခံသည့်ပမာဏအထိသာ ညောင်းမည်ဖြစ်၏။ ဇနီးသည်မှ ဘုရား သခင်ထံ ၎င်း၏ခင်ပွန်းသည်သည် အိမ်ထောင်ကို ကောင်းစွာဦးစီး ဦးဆောင်နိုင်ရန် ဆုပန်ပေးလေလေ ဘုရားသခင်သည် ခင်ပွန်းသည်ကို ပြုပြင်ပေးလေလေဖြစ်ကာ ဇနီးသည်လည်း ခင်ပွန်းသည်၏စကားကို ကိုးစားလေလေ သားသမီးများကလည်း မိခင်၏ သွန်သင်မှုတို့ကို လက်ခံလေလေ ဖြစ်ကြမည်။ သားသမီးများက မိခင်ကို အတုယူကြ၏။ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်မည်ဖြစ်၏။ တမန်တော်ရှင်ပေတရုက စာရာသည် ခင်ပွန်း၏အလိုကို မည်သို့လိုက်ကြောင်း ပြဆိုထား၏။

**ရှင်ပေတရုသြဝါဒစာပထမစောင် ၃း၅၊ ၆** - ဘုရားသခင်ကို ကိုးစား၍ သန့်ရှင်းသော မိန်းမတို့သည် ရှေးကထိုသို့ ကိုယ်ကို တန်ဆာဆင်လျက်၊ စာရာသည် အာပြဟံကိုသခင်ဟုခေါ်ဝေါ်၍ သူ၏စကားကို နားထောင် သကဲ့သို့၊ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြ၏။ သင်တို့သည် ကောင်းမွန်စွာကျင့်၍၊ ကြောက်ရွံ့တုန်လှုပ်ခြင်းအလျှင်းမရှိဘဲ နေလျှင် စာရာ၏သမီးဖြစ်ကြ၏။

အာဗြဟံ၊ စာရာဇနီးမောင်နှံတို့သည် ဗာဗုလုန်မှ ထွက်လာခဲ့ကြသူများဖြစ်ကြ၍ သင်ယူရမည့်သင်ခန်းစာ များစွာရှိ၏။ ၎င်းတို့သည် အမှားပြုမိခဲ့ကြသောကြောင့် သားတော်ဣဇာက်ရရှိရန် နှောင့်နှေးခဲ့ရ၏။ ၎င်းတို့သည် အောက်သက်ကြေပြီးမှသာ သားတော်ဘုရားအတိုင်း အသက်ပေးလိုသည့်စိတ်ရှိသည့် သားရတနာဣဇာက်လည်း အသက်ထိုးအပ်နိုင်သည့်စိတ်ရှိရန် ဘုရားသခင်ကို စီမံခွင့်ပြုနိုင်ခဲ့ကြ၏။ အာဗြဟံသည် ဘုရားသခင်ကို ကိုးစားရန်ဆုံးဖြတ်ခြင်းဖြင့် အခက်ဆုံးအမှုကို ပြုရမည့်အချိန်၌ပင် အလိုတော်အတိုင်း လိုက်နိုင်သည့်စိတ်ကို မွေးနိုင်ခဲ့၏။

> **ကမ္ဘာဦးကျမ်း ၂၂း၁၊ ၂၊ ၁၀-၁၂** - ထိုနောက်မှ ဘုရားသခင်သည်၊ အာဗြဟံကိုစုံစမ်းခြင်းငှာ၊ အာဗြဟံဟု ခေါ်တော်မူ၍၊ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင်၊ သင်သည်အလွန်ချစ်သော တစ်ယောက်တည်းသော သားဣဇာက်ကို ယူ၍၊ မောရိပြည့်သို့သွားလော့။ ငါပြလတ္တံ့သော တောင်ပေါ်မှာ၊ သူ့ကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။ ... မိမိလက်ကိုဆန့်၍ သားကိုသတ်ခြင်းငှာ ဓားကို ကိုင်ယူလေ၏။ ထိုအခါ၊ ထာဝရဘုရား၏ ကောင်းကင်တမန်က၊ အာဗြဟံ၊ အာဗြဟံဟု ကောင်းကင်ပေါ်က ခေါ်လေ၏။ အာဗြဟံက အကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင်၊ ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကို ငါတောင်း၍၊ သင်သည်ငါ့ကိုမငြင်းဟု မိန့်တော်မူ၏။

လူသားတစ်ဦး၏ သက်တမ်းတစ်ခုအတွင်း၌ ဘုရားသခင်သည် ဗာဗုလုန်၏ ဘာသာအရှုပ်ထုပ်မှ မှန်သောဘာသာသို့ သွပ်သွင်းနိုင်သည်မှာ အံ့ဖွယ်ဖြစ်၏။ ဗာဗုလုန်မှ ထွက်ခွာခဲ့သည့် အာဗြဟံ၏ခမ္မခရီးသည် ငါတို့၏ခမ္မခရီးအတွက် အုတ်မြစ်ဖြစ်၏။ မှန်သော ဘုရားသခင်နှင့် သားတော်ဘုရားသည် ဤကမ္ဘာရှိ ဘုရားအများကိုစွန့်ကာ ၎င်းတို့နှင့် သဟာယပြုနိုင်မည့် နိုင်ငံတော်သို့ဝင်ရန် ငါတို့အား ဖိတ်ခေါ်လျက်ရှိ၏။

ဤစာအုပ်တွင် လေ့လာခဲ့ရသည်များကို maranathamedia.com ရှိ Life Matters ၌ အကျယ်တဝင့် ဆွေးနွေးပြထား၏။ မှန်သောဘုရားကို သမ္မာဒိဋ္ဌ ကျစွာသိမြင်ခြင်းဖြင့် မာရ်နတ်၏ နိုင်ငံတော်ကို အလဲထိုးနိုင်သည့်ကောင်းချီး လက်ဆင့်ကမ်းသည့် မိသားစုစနစ် အကြောင်း အကျယ်ဖွင့်ထားသည့် ထိုစာအုပ်ကို ရနိုင်ရန် နှလုံးမူစေလိုပါ၏။

# ထာဝရဘုရား၏ ဉာဏ်တော်အနန္တ

သားတော်ကိုရသောသူသည် အသက်ကိုရ၏။ အဘယ့်ကြောင့် ဤသို့ဖြစ်နိုင်ရသနည်း။ ဘုရားသားတော်၏အထဲတွင် ခမည်းတော်၏ အလိုကိုလိုက်သည့် သားလိမ္မာ၏ စင်ကြယ်သည့်နှလုံးသားတစ်စုံ ကိန်းအောင်းနေသောကြောင့်ဖြစ်၏။ ၎င်းက ခမည်းတော်၏အလိုကို မပြတ်အစဉ် ဆောင်ရွက်၏။ ၎င်းသည် ခမည်းတော်၏ကောင်းချီးနှင့် မေတ္တာတော်ကို ပိုင်ဆိုင်၏။ သားတော်၏နှလုံးသားသည် ခမည်းတော်၏ မေတ္တာတော်ကို မှီခို၏။

ခမည်းတော်၏ ပညတ်တော်များကို စောင့်လိုသည့် ချစ်လှစွာသော သားတော်၏ ချိုသာသိမ်မွေ့နာခံတတ်သည့် စိတ်သဘောကို စကြဝဠာတစ်ခုလုံးသို့ ချပြခြင်းသည် ခမည်းတော်ဘုရားသခင်၏ မဟာဉာဏ်တော်အနန္တပင် ဖြစ်၏။

သိမ်မွေ့သည့် ထိုစိတ်သဘောသည် ထာဝရဘုရားသခင်၏ မဟာရာဇပလ္လင်တော်မှ အစပြုကာ ဇီဝအသက်ပင်တော်ကို ကြားခံကာ စီးဆင်းလာ၏။ မာရ်နတ်သည် ဘုရားသားတော်နှင့် ၎င်း၏သိမ်မွေ့သောစိတ်ထားကို ငြင်းခဲ့၏။ ၎င်း၏ လမ်းမလိုက်သည့် စိတ်နှင့် သားတော်၏ လမ်းလိုက်သည့်စိတ်တို့ စီးချင်းထိုးကြ၏။ ကန့်လန့်တိုက်တတ်သည့် စိတ်သည် လူသားအပေါင်းတို့သို့ ဆင့်ပွားခဲ့၏။ သခင်ခရစ်တော်၏ ပေးဆပ်မှုက ငါတို့အား ဤသိမ်မွေ့သောစိတ်ထားကို ပြန်ရပိုင်ခွင့်ပေး၏။ ဤစိတ်ထားကို ရနိုင်မည့် လျှို့ဝှက်ချက်ကား ခမည်းတော်နှင့်သားတော်တို့သည် မည်သူများ ဖြစ်ကြောင်း ထိုးထွင်းသိရန်ဖြစ်၏။ ခမည်းတော်နှင့် သားတော်ကို သိကျွမ်းရခြင်းသည် ထာဝရအသက်ပင်ဖြစ်ပြီး၊ ဘုရားသခင်နှင့် သားတော်တို့၏ ရာဇပလ္လင်တော်မှ စီးဆင်းလာသည့် အသက်စမ်းရေကို သောက်သုံးရသောအခွင့်ပင် ဖြစ်သတည်း။